## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရားပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၂)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့်တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၅၇)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၇)နှစ်ပြည့်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဤနေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံပြည်သူများနှင့် အာဆီယံပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့လျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ အစဉ်အမြဲ ပြောင်းလဲနေသော ကမ္ဘာ့ရေးရာဖြစ်ပေါ်တိုးတက်မှုများအကြား အာဆီယံအသင်းကြီး ပိုမိုခိုင်မာတိုးတက်အောင်မြင်ပါစေကြောင်းနှင့်

**စာမျက်နှာ ၃ ကော်လံ ၁** ❖

## မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၇

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း–MWCDF အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝမြင့်မားရေးတို့ကို အလေးပေးဆောင်ရွက်နေသည်မှာ **စာမျက်နှာ ၁၆ ကော်လံ ၁** ●

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေး၊ အဖွဲ့ဝင်များက ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၈ ရက်)

# အာဆီယံပြည်သူများ အနာဂတ်သာယာလှပရေး

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ (၅၇)နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ အာဆီယံဖွဲ့စည်းရခြင်းရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များမှတစ်ဆင့် ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတိုးတက်ဖြစ်ပေါ်မှုကိုမြှင့်တင်ရန်၊ အင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှု၊ ကြီးစိုးမှုများ ဒေသအတွင်း စိမ့်ဝင်ပျံ့နှံ့လာခြင်းမရှိစေရန်အတွက် ဒေသတွင်းနိုင်ငံရေးနှင့်စီးပွားရေးတည်ငြိမ်မှုကိုကာကွယ်ရန်နှင့် ဒေသအတွင်းရှိနိုင်ငံအချင်းချင်းအကြား ဖြစ်ပေါ်လာသောသဘောထားကွဲလွဲမှုများကိုညှိနှိုင်းဖြေရှင်းပေးရန် ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အာဆီယံသည်စည်းမျဉ်းစည်းကမ်းများကိုအခြေခံသောအဖွဲ့အစည်းတစ်ရပ်အဖြစ် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင်စတင်ရပ်တည်ခဲ့သည်။ ထိုနေ့တွင် စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံခေါင်းဆောင်များက အာဆီယံပဋိညာဉ်စာတမ်းကိုလက်မှတ်ရေးထိုးခဲ့ကြသည်။

အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံ ၁၀ နိုင်ငံအတည်ပြုပြီးနောက် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းတို့ဖြင့်ထူထောင်ခဲ့သည်။ အာဆီယံအသင်းကြီး၏တိုးတက်ပြောင်းလဲမှုသမိုင်းဖြစ်စဉ်တစ်လျှောက်တွင် စိန်ခေါ်မှုများနှင့်ရပ်တည်အောင်မြင်မှုအတွက် သံသယများကို ရင်ဆိုင်ခဲ့ရသော်လည်း ယခုအချိန်အခါ ခေတ်မီတိုးတက်နေသောကမ္ဘာကြီးတွင် အစိုးရများအချင်းချင်းအကြား ဖွဲ့စည်းထားသောအဖွဲ့အစည်းများအနက် အာဆီယံသည်လည်း အောင်မြင်မှုရရှိနေသောအသင်းကြီးတစ်ခုဖြစ်လာခဲ့ပါသည်။

အာဆီယံအသင်းကြီးက ရည်ရွယ်ချမှတ်ထားသည့်မျှော်မှန်းချက်များကို အောင်အောင်မြင်မြင်ရရှိနိုင်ရေးအတွက် အာဆီယံပဋိညာဉ်စာတမ်းပါအခြေခံမူများနှင့်အညီ အာဆီယံ၏အချက်အချာကျမှုနှင့်စည်းလုံးညီညွတ်မှုကို အလေးအနက်ထားကိုင်စွဲကြရန် သတိပြုကြရမည်ဖြစ်သည်။ ထို့ပြင် ပထဝီနိုင်ငံရေးအားပြိုင်မှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့်ဖိအားပေးမှုများနှင့်စိန်ခေါ်မှုများကို ညီညီညွတ်ညွတ်ရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်သည်။ အာဆီယံ၏အချက်အချာကျမှုနှင့် အာဆီယံဦးဆောင်သောအခန်းကဏ္ဍများအပေါ် ခြိမ်းခြောက်လာနိုင်သည့်အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုထက်ပို၍ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသည့်ဒေသဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုပုံစံကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ သည် အာဆီယံပြည်သူများအားလုံးအတွက်သာမက အာဆီယံမိတ်ဖက်နိုင်ငံများအားလုံးအတွက်ပါ ရှင်သန်ဖွံ့ဖြိုးမှုရှိပြီး အပြန်အလှန်ဆက်နွှယ်မှုရှိသော အသိုက်အဝန်းတစ်ရပ်ထူထောင်ရန် ရည်မှန်းချက်တစ်ရပ်ကိုချမှတ်ထားသည်။ ပိုမိုစုစည်းညီညွတ်စွာနေထိုင်ခြင်း၊ ငြိမ်းချမ်းပြီးစိတ်တူကိုယ်တူပေါင်းသင်းဆက်ဆံသောဒေသကိုတည်ဆောက်ခြင်း၊ လူ့အခွင့်အရေးများနှင့်အခြေခံလွတ်လပ်ခွင့်များရရှိခံစားစေခြင်း၊ ကူးစက်ရောဂါနှင့်သဘာဝဘေးအန္တရာယ်များမှ ကျော်လွှားလွန်မြောက်နိုင်ရေးအတွက်ကောင်းစွာပြင်ဆင်ထားခြင်း၊ ပိုမိုကြွယ်ဝချမ်းသာမှုကိုခံစားနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများမှတစ်ဆင့် အကျိုးစီးပွားများရရှိခံစားစေခြင်း၊ ပေါင်းစည်းချိတ်ဆက်မှုရှိခြင်းတို့သည် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ တွင်ပါဝင်သည်။

အာဆီယံမိတ်ဖက်များအနေဖြင့်မူ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်၂၀၂၅ အရ ငြိမ်းချမ်းပြီး လုံခြုံမှုရှိကာ တည်ငြိမ်မှုရှိသောဒေသအဖြစ်သို့ တည်ဆောက်မှုအတွက် စွမ်းပကားရှိသည့်အသိုက်အဝန်း၊ ယင်းသို့တည်ဆောက်ရန် ကတိကဝတ်ပြုထားသောအသိုက်အဝန်းနှင့်ထိတွေ့ဆက်ဆံခွင့်ရရှိလာသည်။ လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့်ဖြစ်ပေါ်လာအံ့သောစိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်မည့်အသိုက်အဝန်း၊ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့်ရာဇဝတ်မှုခင်းများမှသည် လူမှောင်ခိုမှုများအထိ ပြဿနာအရပ်ရပ်အပေါ် အာရုံစိုက်မည့်အသိုက်အဝန်းနှင့်အတူ မိတ်ဖက်နိုင်ငံများထိတွေ့ဆက်ဆံခွင့်ရရှိလာသည်။

အာဆီယံအသင်းဝင်နိုင်ငံများအနေဖြင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့်ဒေသဆိုင်ရာကတိကဝတ်များပြည့်မီစေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ပြည်သူများ၏မျှော်မှန်းချက်များကိုဖြည့်ဆည်းပေးနိုင်ရန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အာဆီယံအသင်းကြီး၏အနာဂတ်နှင့် ၂၀၂၅ အလွန်အာဆီယံမျှော်မှန်းချက်များကိုထိန်းသိမ်းထားနိုင်ရေး၊ ပြည်သူများ၏ လူမှုဘဝတိုးတက်ကောင်းမွန်စေရေးအတွက် ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်စွမ်းအားရှိမှုနှင့်ပြည်သူဗဟိုပြုအာဆီယံအသင်းကြီးဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းအခြေပြုမြေပုံအကောင်အထည်ဖော်ဆောင်မှု၊ ဒေသဆိုင်ရာပေါင်းစည်းရေးနှင့် အသိုက်အဝန်းတည်ဆောက်ရေးတို့အတွက် အာဆီယံနှင့်အတူ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အနှစ်ချုပ်ဆိုရသော် အာဆီယံပြည်သူများ၏အနာဂတ်ပိုမိုသာယာလှပရေး ကြိုးပမ်းဆောင်ရွက်ချက်များအောင်မြင်ပါစေကြောင်း (၅၇)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကိုကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

International Youth Day

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"

"From Clicks To Progress: Youth Digital Pathways
For Sustainable Development"

၁၂ - ၈ -၂၀၂၄ ရက်နေ့ (တနင်္လာနေ့)　　ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

ကလိန်အောင်၊ လူမှုရေး

## ဈေးကွက်ဝင် နဂါးမောက်သီး စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ ဈေးကွက်ဝင်သီးနှံ နဂါးမောက်သီးပင်များကို စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေကြောင်း ကလိန်အောင်မြို့ရှိ စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

အဆိုပါနဂါးမောက်သီးပင်အကိုင်းများမှ တစ်ကိုင်းကို သဘာဝမြေဩဇာများထည့်သွင်းပြီး စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ပြီး အသီးများစတင်ခူးဆွတ်ရောင်းချနေရကြောင်း သိရသည်။

"အခုကျွန်တော်စိုက်ပျိုးထားတာက နဂါးမောက်သီး ခရမ်းရောင်မျိုးပါ။ တစ်နိုင်တစ်ပိုင်လောက်ပဲ စမ်းသပ်ပြီးတော့ စတင်စိုက်ပျိုးထားပါတယ်။ နဂါးမောက်သီးပင်က ဥယျာဉ်ခြံကြားတွေမှာ ကြားညှပ်ပြီး စိုက်ပျိုးလို့မရဘူး။ သူ့အပင်က နေရောင်ခြည်ထိတွေ့မှုကို ပိုကြိုက်တယ်။ ကိုင်းစတင်စိုက်ပျိုးပြီး တစ်နှစ်ကျော်လောက်ဆိုရင် အပွင့်များလိုက်လာပြီး ဇွန်လ၊ ဇူလိုင်လတို့တွင် အသီးများကို စတင်ခူးဆွတ်ပြီး ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချနေရပါပြီ"ဟု ကလိန်အောင်မြို့ရှိ စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

ကလိန်အောင်မြို့တွင် စိုက်ပျိုးရေးတောင်သူများသည် ဈေးကွက်ဝင် သီးနှံပင်များဖြစ်သည့် သံပရာသီး၊ ဒူးရင်းသီး၊ ကြက်မောက်သီး၊ ကွမ်းသီးပင် စသည့်အပင်များကို စိုက်ပျိုးကြပြီး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လုပ်ကိုင်နေရကြောင်း သိရသည်။

(၄၁၂)

## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

၈-၈-၂၀၂၄(ကြာသပတေးနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၂၀ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၃၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၆။ ၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၁:၁၅ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၁:၄၅ မြန်မာ့ရှုခင်း
၉။ ၁၁:၅၅ သီချင်းလက်ဆောင်
၁၀။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၁။ ၁၇:၅၀ စာဆိုစစ်သည်
ကလောင်ရှင်များ
၁၂။ ၁၉:၀၀ (၃၈)ဖြာမင်္ဂလာ
ပုဗ္ဗေစကတပုညတာ

**MWD Variety Channel**

၁။ ၀၉:၂၉ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၂။ ၁၀:၂၅ စာရေးရိက္ခာဖူလုံဖို့
စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၁:၄၄ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ်
၄။ ၁၂:၃၂ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၅။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

❖ ရှေ့ဖုံးမှအဆက်

အာဆီယံပြည်သူများ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောကြပါစေကြောင်းလည်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါသည်။

အာဆီယံအသင်းကြီးကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် စတင်တည်ထောင်သူ ဖိသုကာကြီး (၅)ဦး၏ ဉာဏ်အမြော်အမြင်ကြီးမားစွာဖြင့် ဖွဲ့စည်းခဲ့ပြီး အာဆီယံအသင်းကြီးသည် အဖွဲ့အစည်းတစ်ခုမှ အသိုက်အဝန်းတစ်ရပ်ဆီ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ ပေါင်းစည်းမှုဆီသို့ ကူးပြောင်းလာနေပြီဖြစ်ပါသည်။ နှစ်ပေါင်း(၅၇)နှစ်အတွင်း အာဆီယံအသင်းကြီးအနေဖြင့် စတင်တည်ထောင်ခဲ့သူအဖွဲ့ဝင်များ၏ မျှော်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်လျက်ရှိပြီး ကမ္ဘာတွင် အစိုးရအချင်းချင်းအကြား ဖွဲ့စည်းထားသောအဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုလာကြပါသည်၊ အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။ အသင်းကြီး၏ တိုးတက်ပြောင်းလဲမှု သမိုင်းတစ်လျှောက်တွင် စိန်ခေါ်မှုများရှိသော်လည်း ဒေသတွင်းနှင့် ဒေသပြင်ပတို့တွင် ဖြစ်ပေါ်နေသည့် နက်နဲသိမ်မွေ့လှသော ပထဝီနိုင်ငံရေးနှင့် လူမှု-စီးပွားစိန်ခေါ်မှုများကို ထိရောက်အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

အာဆီယံအသင်းကြီးသည် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC)၊ အာဆီယံပဋိညာဉ်စာတမ်း(ASEAN Charter) နှင့် အခြားအာဆီယံစာချုပ်စာတမ်းများတွင် ပါဝင်သည့် အခြေခံမူများနှင့် စံနှုန်းများကို လေးစားလိုက်နာသော စည်းမျဉ်းအခြေပြု အသိုက်အဝန်း တစ်ခုအဖြစ် ဆက်လက်ရပ်တည်နေပါသည်။ အာဆီယံအနေဖြင့် ပြည်သူဗဟိုပြု၊ ပြည်သူကို ဦးတည်သည့် အသင်းကြီးဖြစ်သည်နှင့်အညီ အာဆီယံ

**နှစ်ပေါင်း(၅၇)နှစ်အတွင်း အာဆီယံအသင်းကြီးအနေဖြင့် စတင်တည်ထောင်ခဲ့သူအဖွဲ့ဝင်များ၏ မျှော်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်လျက်ရှိပြီး ကမ္ဘာတွင် အစိုးရအချင်းချင်းအကြား ဖွဲ့စည်းထားသောအဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံးအဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုလာကြ . . .**

**အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်လျက်ရှိ . . .**

အသိုက်အဝန်း တည်ထောင်သောလုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ပြည့်ဝစွာ အားလုံးပါဝင်ရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းမှာ အာဆီယံပြည်သူများကို မဏ္ဍိုင်ပြုသွားမည်ဖြစ်ပါသည်။ ဒေသတွင်းလုံခြုံရေး တည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့်အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏အချက်အချာကျမှုနှင့်စည်းလုံးညီညွတ်မှုကိုမြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

**အာဆီယံအနေဖြင့် ပြည်သူဗဟိုပြု၊ ပြည်သူကိုဦးတည်သည့် အသင်းကြီးဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်သောလုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ပြည့်ဝစွာ အားလုံးပါဝင်ရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းမှာ အာဆီယံပြည်သူများကို မဏ္ဍိုင်ပြုသွားမည်ဖြစ် . . .**

**အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကိုထိန်းသိမ်းလျက် ပြည်သူများ၏မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိ . . .**

သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး မျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန်လိုအပ်ပါသည်။ ထို့ကြောင့် **"ပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်မည့် အာဆီယံ"** ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ လာအိုနိုင်ငံ၏ ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှုအရှိဆုံးဆိုသည်ကို ထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကိုထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထို့ပြင် ဒေသတစ်ဝန်း စီးပွားရေးနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ် ကုန်စည်စီးဆင်းရေး၊ နယ်စပ်ဒေသဖြတ်ကျော် အီလက်ထရောနစ်ကုန်သွယ်မှုတို့ကို ပိုမိုအားကောင်းစေနိုင်မည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာမူဘောင်သဘောတူစာချုပ်(DEFA)ကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်စည်ထောက်ပံ့မှုကွင်းဆက်ဆိုင်ရာ အတားအဆီးနှင့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်း(ASEAN Charter)နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်မှုလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့်တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ်မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးသည် ပိုမိုကျယ်ပြန့်နက်ရှိုင်းလာခဲ့ပြီး အာဆီယံအသိုက်အဝန်း (၃)ခုလုံးအောက်ရှိ တည်ထောင်ထားရှိပြီးဖြစ်သော အရေးပါသည့်ယန္တရားများမှတစ်ဆင့် သိသာထင်ရှားသော အောင်မြင်မှုများရရှိအောင် မြန်မာနိုင်ငံက ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့အနေဖြင့် ယခုအရှိန်အဟုန်ဖြင့် အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကိုလည်း ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့် (၅၇)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အခါသမယတွင် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် **"တစ်ခုတည်းသောအသိုက်အဝန်း"**ဆီသို့ ဦးတည်လျှောက်လှမ်းသင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါအခြေခံမူများနှင့်စံနှုန်းများကို အလေးထားကာ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ မိမိတို့ပြည်တွင်းရေးကို ကိုင်တွယ်ဖြေရှင်းကြရာတွင် ချောမွေ့စေရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးက အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

အာဆီယံမဏ္ဍိုင် (၃)ရပ်လုံးကို လွှမ်းခြုံသော အာဆီယံအသိုက်အဝန်းဖန်တီးရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကတိကဝတ်များ အပြည့်အဝထားရှိရန် လိုအပ်ပါသည်။ ထိုကတိကဝတ်များသည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သက်ဆိုင်ရာနိုင်ငံခြားရေးမူဝါဒအသီးသီးအတွက် အခြေခံကောင်းများဖြစ်သကဲ့သို့ အာဆီယံအသိုက်အဝန်းကြီး၏ ခိုင်မြဲသောအုတ်မြစ်လည်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာပြည်သူများနှင့်အာဆီယံပြည်သူများအားလုံး ပိုမိုငြိမ်းချမ်းပြီး ဆတက်ထမ်းပိုး စည်ပင်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ဒီပဲယင်း၊ စိုက်ပျိုးရေး

## ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒီပဲယင်းမြို့နယ်၌ ပဲစင်းငုံ ၁၉၀၁၄ ဧက စိုက်ပျိုးပြီးစီး



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်၌ ပဲစင်းငုံ ၁၉၀၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၂၀၂၀၀ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၉၀၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ အခုဆိုရင် ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်၊ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလိုသီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောသည်၊

ဒီပဲယင်းမြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုသက်သာစေရန် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

ရေအားလျှပ်စစ်စက်ရုံတစ်ရုံမှ ဓာတ်အားတစ်ကီလိုဝပ်နာရီ (တစ်ယူနစ်)ထုတ်လုပ်တိုင်း $CO_2$ ၆ ဒသမ ၆ ကီလိုဂရမ်ထုတ်လွှတ်သည်။ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံမှ တစ်ကီလိုဝပ်နာရီ (တစ်ယူနစ်) ထုတ်လုပ်တိုင်း $CO_2$ ၃၅၀ ကီလိုဂရမ်ထွက်ရှိသည်။ (ဤဓာတ်ငွေ့စက်ရုံမှရရှိသည့် စွန့်ပစ်အပူဖြင့် ရေနွေးငွေ့တာဘိုင်ကို ဆက်လက်လည်ပတ်စေသည့် စက်ရုံမျိုးကိုဆိုလိုသည်။ အကယ်၍ ဓာတ်ငွေ့စက်ရုံသက်သက်လည်ပတ်ပြီး ဓာတ်အားထုတ်လုပ်ပါက ဓာတ်အားတစ်ကီလိုဝပ်နာရီအတွက် $CO_2$ ၇၀၀ ကီလိုဂရမ်ခန့် ထုတ်လွှတ်သည်။)

ကဏ္ဍအလိုက် $CO_2$ ထုတ်လွှတ်မှုအနက် လျှပ်စစ်ကဏ္ဍမှ ကြီးမားစွာ $CO_2$ ထုတ်လုပ်နေသည့်နိုင်ငံကြီးများ အများအပြားရှိသည်။

အမေရိကန်နိုင်ငံ၏ ၂၀၁၉ ခုနှစ်တွင် ထုတ်လွှတ်ခဲ့သော ကဏ္ဍအလိုက် $CO_2$ အချိုးမှာ–

| | |
|---|---|
| သယ်ယူပို့ဆောင်ရေးမှ | –၂၉% |
| လျှပ်စစ်ကဏ္ဍမှ | –၂၅% |
| စီးပွားရေးအဆောက်အအုံများကဏ္ဍမှ | –၁၃% |
| လယ်ယာသားငါးကဏ္ဍမှ | –၁၀% |

အသီးသီးထုတ်လွှတ်နေသည်။ ၂၀၁၉ ခုနှစ် တစ်နှစ်စာ $CO_2$ မက်ထရစ်တန်ချိန် သန်းပေါင်း ၆၅၅၈ ထုတ်လွှတ်ခဲ့သည့်အတွက် လျှပ်စစ်ကဏ္ဍမှ မက်ထရစ်တန်ချိန် သန်းပေါင်း ၁၆၃၉ ထုတ်လွှတ်ခဲ့သည့်သဘောဖြစ်သည်။

နိုင်ငံကြီးများတွင် လျှပ်စစ်ကဏ္ဍမှ ဓာတ်အားထုတ်လုပ်နေမှုတွင် အရင်းအမြစ်ပေါင်းစုံ ပါဝင်မှုအချိုးကိုကြည့်လျှင်လည်း တွင်းထွက်လောင်စာကိုသာ အားပြုမောင်းနှင်နေသည်ကို တွေ့ရသည်။ ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်အချိုးများကို နိုင်ငံများအလိုက် နမူနာဖော်ပြပါမည်။

**နိုင်ငံကြီးတချို့၏ အရင်းအမြစ်အလိုက် ဓာတ်အားထုတ်လုပ်မှုအချိုးများ**

| စဉ် | နိုင်ငံ | အရင်းအမြစ်အလိုက် ဓာတ်အားထုတ်လုပ်မှုအချိုး(%) | | | | | ခုနှစ် |
|---|---|---|---|---|---|---|---|
| | | ကျောက်မီးသွေး | လောင်စာဆီ | နျူကလီးယား | ဓာတ်ငွေ့ | ပြန်ပြည့်မြဲ | |
| ၁ | အမေရိကန် | ၁၉.၃ | | ၁၉.၇ | ၄၀.၃ | ၁၉.၈ | ၂၀၂၀* |
| ၂ | တရုတ် | ၅၈ | ၂၀ | ၂ | ၈ | ၁၃ | ၂၀၁၉** |
| ၃ | အိန္ဒိယ | ၄၅ | ၂၅ | ၁ | ၆ | ၂၂ | ၂၀၂၀* |
| ၄ | ဂျပန် | ၂၆ | ၄၀ | ၃ | ၂၁ | ၁၀ | ၂၀၁၉** |
| ၅ | မလေးရှား | ၂၁ | ၃၇ | - | ၃၆ | ၆ | ၂၀၂၀* |
| ၆ | သြစတြေးလျ | ၆၂ | ၂ | - | ၂၁ | ၁၅ | ၂၀၁၇*** |

Source:* eia report february 2021, ** eia report,2020, *** wikipedia

ဖော်ပြခဲ့သည့် စက်မှုဖွံ့ဖြိုးသောနိုင်ငံများနှင့် မိမိတို့အိမ်နီးချင်းနိုင်ငံများတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တွင်းထွက်လောင်စာကို အဓိကအားကိုးပြီး ထုတ်လုပ်နေသည်ကိုတွေ့ရမည်။

ယနေ့ကမ္ဘာတစ်ဝန်းလုံး၏ ပျမ်းမျှဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်အချိုးကို အောက်ပါအတိုင်းတွေ့ရသည်။

ကမ္ဘာတစ်ဝန်းလုံး အရင်းအမြစ်အလိုက် ဓာတ်အားထုတ်လုပ်မှုပျမ်းမျှအချိုး (၂၀၁၇)

| အရင်းအမြစ် | အချိုး% |
|---|---|
| – ကျောက်မီးသွေး | ၃၈ |
| – ဓာတ်ငွေ့ | ၂၃ |
| – နျူကလီးယား | ၁၀ |
| – လောင်စာဆီ | ၄ |
| – ပြည်လည်ပြည့်ဖြိုးမြဲ | ၂၅ |

Source: eia Report 2017


$CO_2$ လျှော့ချရမည့်ကိစ္စများကိုရှင်းလင်းရာတွင် အသေးစိတ်ထပ်မံရှင်းပြပါမည်။

ဆက်လက်၍ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍမှ $CO_2$ ထုတ်လွှတ်မှုကို ဖော်ပြပါမည်။

**မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ $CO_2$ ထုတ်လွှတ်မှု**

မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ $CO_2$ ထုတ်လွှတ်မှုသည် တစ်ကမ္ဘာလုံး $CO_2$ ထုတ်လွှတ်မှု၏ ၂၅ ရာခိုင်နှုန်းဝန်းကျင်အထိ မြင့်မားနေသည်။ စဉ်းစားစရာကောင်းသည်။ ဤကဏ္ဍများမှ မည်ကဲ့သို့ $CO_2$ များ ထုတ်လွှတ်နေကြပါသနည်း။ ဤနေရာတွင် နှစ်ပိုင်းခွဲ၍မြင်ရမည်။

တစ်ပိုင်းမှာ မွေးမြူရေးနှင့်စိုက်ပျိုးရေးဖြစ်ပြီး နောက်တစ်ပိုင်းမှာ သစ်တောကဏ္ဍဖြစ်သည်။ မွေးမြူရေးနှင့်စိုက်ပျိုးရေးကဏ္ဍမှ အဓိကထုတ်လွှတ်နေသည်မှာ မီသိန်း ($CH_4$) ဓာတ်ငွေ့ဖြစ်သည်။ သို့သော် ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း $CH_4$ ၏ ပြင်းအားသည် $CO_2$ ထက် ၂၁ ဆပြင်းသော GHG ကို ထုတ်လွှတ်နိုင်ခြင်းကြောင့် $CO_2$ နှင့် အချိုးပြန်ချလိုက်သည့်အခါ ဤမျှ များပြားသွားခြင်းဖြစ်သည်။




**ကမ္ဘာကြီးပူနွေးမှုဖြစ်စေသည့် Greenhouse Effect**

လယ်ယာမြေများတွင် သီးနှံတစ်ကြိမ်ရိတ်သိမ်းပြီးနောက် သီးနှံအတွက် ရေသွင်းကြသည့်အစဉ်အလာရှိသည်။ စပါးရိုးပြတ်များနှင့် တခြားသောရိုးပြတ်များ ပေါင်းပင်များပါ အားလုံးရေသွင်းပြီး ထယ်ထိုးလိုက်သည့်အခါ ပြင်းထန်သော $CH_4$ ဓာတ်ငွေ့ထွက်လာသည်။ ဤသည်မှာ ဧကနည်းနည်းမဟုတ်၊ မြန်မာတစ်နိုင်ငံတည်းကွက်ပြောလျှင်ပင် နှစ်စဉ်စပါးတစ်မျိုးတည်းပင် ဧက ၁၈ သန်း စိုက်ပျိုးသည်ကို ကြည့်၍ ခန့်မှန်းနိုင်သည်။ **ဆက်လက်ဖော်ပြပါမည်။**

---

အိမ်မဲ၊ စိုက်ပျိုးရေး

# အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၁၀၁၈ ဧက စိုက်ပျိုးပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၁၀၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။



အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံလျာထား ဧက ၁၁၀၈ ဧကကို မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ပျက်စီးလေလွင့်မှုမရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ခင်းများအထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

''ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧက လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိ ၁၀၁၈ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးမယ့်သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေလျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို မိုးသီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားပါတယ်'' ဟု ဦးကျော်မိုးဝင်းကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ဘူး၊ တိုင်ထောင်ပဲ၊ ခရမ်း၊ သခွား၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်း၊ ဆလတ်ရွက်၊ ငရုတ်ကောင်း၊ ချဉ်ပေါင် စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**သုတကျော်**

---

ပုသိမ်၊ ခရီးသွား

# ချောင်းသာမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၇ ရက်တွင် Gerizim Hotel အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် အသုံးပြုရန် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးကူညီပေးသော New Chaungtha Hotel မှတာဝန်ရှိသူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ချောင်းသာရုံးခွဲ) တာဝန်ခံက သင်တန်းပြီးမြောက်အောင် တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

အဆိုပါ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (အခြေခံ) သင်တန်းကို ဇူလိုင်လ ၈ ရက်မှ ဩဂုတ်လ ၇ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ချောင်းသာမြို့ရှိ ဟိုတယ်များမှ သင်တန်းသား၊ သင်တန်းသူ ၈၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

နေပြည်တော် ဩဂုတ် ၇

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများထုတ်ပြန်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အမွမ်းဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)နှင့် ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း (ရန်ကုန်)တို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

ရှမ်းပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း -YMBA
YOUNG MEN'S BUDDHIST ASSOCIATION (Shan State)
ရှမ်းပြည်နယ်အတွင်းဝန်များ (ရုံးဟောင်း)၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့
Ph ; 09 691 537 777, 09 683 068 308, 09 445 061 334

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျန်ရှိသည့်ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာပြီး ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့်ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက်အသုံးပြုနေခြင်းတို့ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)**

ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်)
果敢民族文化分會(仰光)
အမှတ် (၁၅/ဒီ)၊ အောက်ဗဟိုလမ်း၊ သမိုင်းမြို့သစ်ဘူတာရုံရှေ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ : ၀၁-၆၆၅၄၆၃

## ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ လူနေအိမ်များ၊ ရပ်ကွက်များနှင့် တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံး၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများ၊ ဆေးရုံအဆောက်အဦများအပေါ် အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံပြည်သူများမှ နေရပ်စွန့်ခွာနေရပြီး အိုးအိမ်များဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရခြင်းတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များအား လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း**

ရန်ကုန် ဩဂုတ် ၇

# Butterfly & SISB Thailand Table Tennis Open ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးနိုင်ခဲ့

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် Butterfly & SISB Thailand Table Tennis Open ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စားပွဲတင်တင်းနစ်အားကစားအဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ Butterfly & SISB Thailand Table Tennis Open ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဇူလိုင်လ ၃၁ ရက်မှ စတင်ပြီး ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

Butterfly & SISB Thailand Table Tennis Open ပြိုင်ပွဲ U 40 Open တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကိုကြည်မြင့် က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ U 50 Open တစ်ဦးချင်းပြိုင်ပွဲတွင်လည်း ကိုကြည်မြင့် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ လူငယ်ပြိုင်ပွဲဖြစ်သည့် U 19 Open တစ်ဦးချင်းပြိုင်ပွဲတွင်လည်း အောင်မြင့်မြတ်က ငွေတံဆိပ်ဆုဆွတ်ခူးပေးနိုင်ခဲ့ပြီး Butterfly & SISB Thailand Table Tennis Open ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စုစုပေါင်းကစားသမား ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

ကောလင်း ဩဂုတ် ၇

# ကောလင်းခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံ ၈၇၈ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံ ၈၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကောလင်းခရိုင်၌ ကြံ ၁၇၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ကောလင်းမြို့နယ်၌ ၈၄၃ ဧကနှင့် ဝန်းသိုမြို့နယ်၌ ၃၅ ဧက စုစုပေါင်း ၈၇၈ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကောလင်းခရိုင်၌ ကြံစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်၌ ၁၇၄၄ ဧကနှင့် ဝန်းသိုမြို့နယ်၌ ၃၅ ဧက စုစုပေါင်း ၁၇၇၉ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ကြံကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ကောလင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့၌ စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့၌ စိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။ (၄၀၉)

နေပြည်တော် ဩဂုတ် ၇

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း




နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာမေတ္တာအပြည့်ဖြင့် ရှေ့တန်းမြေသို့ပေးပို့နိုင်ရေးအတွက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် စည်သွတ်အသား/ ငါး စုစုပေါင်း ၄၃၅၇ ဘူး တန်ဖိုးငွေကျပ် (၃၀၀၀၀၀၀၀) (ကျပ်သိန်းသုံးရာ) အား ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ လာရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဩဂုတ် ၇

# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP )၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

---

နေပြည်တော် ဩဂုတ် ၇

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် လက်ခံတွေ့ဆုံ



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန် (Mr. Mongkol Visitstump) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ BIMSTEC ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

---

နေပြည်တော် ဩဂုတ် ၇

# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သီးခြားစီလက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme –UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Titon Mitra နှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Ms. Sara Austin Netzer နှင့် အဖွဲ့တို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme -UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNDP မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNOPS က ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ (သတင်းစဉ်)



---

နေပြည်တော် ဩဂုတ် ၇

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။ (မိုး/ဇလ)

နေပြည်တော် ဩဂုတ် ၇

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ





မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်း ကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး လမ်းမတော် မြို့နယ်ရှိမြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) နေပြည်တော်ရှိ အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန စက်မှု ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အဖွဲ့ဝင်များ၊ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (မြန်မာ)မှ ကိုယ်စား လှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန် ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းပါလုပ်ငန်းများသည် စက်မှုကဏ္ဍနှင့် သက်ဆိုင်သည့်လုပ်ငန်းများဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၌ စွမ်းအင်သုံးစွဲမှုများသည် စက်ရုံအလုပ်ရုံများတွင် စွမ်းအင်စီမံ ခန့်ခွဲမှုစနစ် ကျင့်သုံးနိုင်ရန်နှင့် စွမ်းအင် မန်နေဂျာများမွေးထုတ်ပေးမှုကို တွန်း အားပေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင်လည်း စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေးနည်းပညာ များကို အသုံးချရန်နှင့် စွမ်းအင်စွမ်းဆောင် ရည်မြင့်မားသည့် စက်နှင့်စက်ပစ္စည်း ကိရိယာများအသုံးပြု ဆောင်ရွက်သွားရန် စသည့် လုပ်ငန်းစဉ်များပါဝင်ကြောင်း၊ ထုတ်လုပ်မှုကဏ္ဍတွင်ထုတ်လုပ်မှု ကုန်ကျ စရိတ်၏ ၄၀ ရာနှုန်းခန့်သည် စွမ်းအင် သုံးစွဲမှုစရိတ်များဖြစ်ကြောင်း၊ စွမ်းအင် အလေအလွင့်မရှိအောင် ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုတွင် စွမ်းအင်ကုန်ကျစရိတ်ကို လျှော့နည်းသက်သာစေမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသည့်စီးပွားရေးဖြစ်ပြီး စက်မှု ဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသည့် စက်မှု လုပ်ငန်း စာရင်းအင်းအချက်အလက်များ အရပြည်တွင်းစက်မှုလုပ်ငန်း အများစုသည် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်း များဖြစ်ကြောင်း။

ထို့ကြောင့် ယခုစီမံကိန်းတွင် စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေးလုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက် ရန်အတွက်စားသောက်ကုန်လုပ်ငန်းများကို ဖြစ်နိုင်ခြေရှိသည့် ဦးစားပေးလုပ်ငန်းများ အဖြစ် ရွေးချယ်ထည့်သွင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသည် ရန်ကုန် မြို့တွင်ရှိသည့် စားသောက်ကုန်လုပ်ငန်း အများစုအတွက် ရည်ရွယ်ပြီး စွမ်းအင် အကျိုးရှိစွာသုံးစွဲရေး နည်းပညာများ မျှဝေ သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ နည်းပညာ များနှင့် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ ပညာရှင်များက ဆွေးနွေးပြောကြားပေး မည်ဖြစ်ကြောင်း၊ ယနေ့အသိပညာ မျှဝေခြင်း ဆွေးနွေးပွဲသည် အကျိုးရှိအောင်မြင်သော အစီအစဉ်တစ်ခုဖြစ်မည်ဟု ယုံကြည်ပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုပူးပေါင်းဆောင်ရွက် ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး အတွက်ဆောင်ရွက်ခဲ့မှု၊ ညွှန်ကြားရေးမှူးက အစားအသောက်ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး အတွက် ဆောင်ရွက်နေမှု၊ အမျိုးသား အဆင့်အတိုင်ပင်ခံကိုယ်စားလှယ်က အစား အသောက်ထုတ်လုပ်မှုကဏ္ဍ၌ နိုင်ငံတကာ တွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲမှု နှင့်ပတ်သက်၍ ကောင်းမွန်သည့် အလေ့ အကျင့်များ၊ မြန်မာနိုင်ငံအစားအသောက် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ကိုယ်စားလှယ်က အစားအသောက် ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးအတွက် ပူးပေါင်း ဆောင်ရွက်နေမှု၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန ကိုယ်စားလှယ်က အစားအသောက် ထုတ်လုပ်မှုကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုရန် လမ်းညွှန်ချက်၊ မြန်မာ နိုင်ငံအင်ဂျင်နီယာကောင်စီ ကိုယ်စားလှယ် က စွမ်းအင်အကျိုးရှိ ထိရောက်စွာ ဆောင် ရွက်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက် နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေး ကြပြီး တက်ရောက်လာသူများက သိရှိလို သည်များကို မေးမြန်းခြင်း၊ အကြံပြုဆွေးနွေး ခြင်း၊ စွမ်းအင်အကျိုးရှိထိရောက်ရန် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

(၅၀၀)

ပဲခူး ဩဂုတ် ၇

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင်နှင့် တက္ကသိုလ်များ အသက် ၂၀ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် ဘောလုံးကွင်း၌ ယမန်နေ့ညနေပိုင်းက ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင်နှင့် တက္ကသိုလ် များ အသက်၂၀ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် သည်။

ရှေးဦးစွာ တောင်ငူခရိုင်အမျိုးသမီး ဘောလုံးအသင်းနှင့် ညောင်လေးပင်ခရိုင် အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူ များ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် အကောင်း ဆုံး အားကစားသမားဆုရရှိသူတို့အား တိုင်းရင်းသားရေးရာဝန်ကြီးနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးတို့က ဆုတံဆိပ် များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့် ကြသည်။

ယင်းနောက် တတိယဆုရရှိသော ပြည်ခရိုင် အမျိုးသမီးဘောလုံးအသင်း၊ ဒုတိယဆုရရှိသော တောင်ငူခရိုင် အမျိုး သမီးဘောလုံးအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများကို လူမှုရေးရာ ဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီး တို့ကလည်းကောင်း၊ ပထမဆုရရှိသော ညောင်လေးပင်ခရိုင် အမျိုးသမီးဘောလုံး အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ချုပ်က ပထမရရှိသော ညောင်လေးပင် ခရိုင် အမျိုးသမီးဘောလုံးအသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသား ဆု ၁၀ သိန်းကျပ် ပေးအပ်ချီးမြှင့်ပြီး မှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကူး ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ်ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင်နှင့် တက္ကသိုလ် များ အသက်၂၀ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ခရိုင်(၆)ခရိုင်ကိုယ်စားပြု ဘောလုံးအသင်း ခြောက်သင်း၊ ပဲခူး၊ ပြည်၊ တောင်ငူတက္ကသိုလ်များကိုယ်စားပြု ဘောလုံးအသင်းသုံးသင်း စုစုပေါင်း ဘောလုံးအသင်း ကိုးသင်းပါဝင်ကာ အုပ်စုသုံးအုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

❑ ကျောဖုံးမှအဆက်

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၄ ပေခွဲခန့် (၁၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါမြစ်ရေသည် ငါးသိုင်းချောင်း မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၆ နာရီအတွင်း စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါမြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ ၃ လက်မခန့် (၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚င / | ၃၀.၂˚င |
| ရန်ကုန် | ၂၄˚င / | ၂၉.၅˚င |
| မန္တလေး | ၂၇˚င / | ၃၅.၈˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အဆီကျိတ်နှင့်ကျန်းမာရေး

**''အဆီကျိတ်က ခန္ဓာကိုယ်အနှံ့အပြားမှာဖြစ်နိုင်ပါတယ်။ ခန္ဓာကိုယ်မှာ အဆီကျိတ်မဖြစ်နိုင်တဲ့နေရာဆိုတာ ရှားပါတယ်။ လက်ဖဝါးနဲ့ခြေဖဝါးတွေမှာတော့ အရေပြားထူတာကြောင့် အဆီကျိတ်ဖြစ်ခဲပါတယ်။ ဦးခေါင်း၊ မျက်နှာ၊ လည်ပင်း၊ ဗိုက်၊ ခြေထောက်နေရာအနှံ့မှာ အဆီကျိတ်တွေဖြစ်စေနိုင်ပါတယ် . . .''**

အဆီကျိတ်က လူအများစုမှာဖြစ်တတ်ပါတယ်။ မြန်မာနိုင်ငံမှာရော ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာပါ အဆီကျိတ်ဖြစ်သူများပါတယ်။ အဆီကျိတ်ကို ဆေးပညာအရ လိုင်ပိုမားလို့ခေါ်တယ်။ ကင်ဆာမဟုတ်တဲ့ အဆီဆဲလ်တွေကနေ ဖြစ်လာတဲ့ အကျိတ်ဖြစ်တယ်။

အဆီကျိတ်က ခန္ဓာကိုယ်အနှံ့အပြားမှာဖြစ်နိုင်ပါတယ်။ ခန္ဓာကိုယ်မှာ အဆီကျိတ်မဖြစ်နိုင်တဲ့နေရာဆိုတာ ရှားပါတယ်။ လက်ဖဝါးနဲ့ ခြေဖဝါးတွေမှာတော့ အရေပြားထူတာကြောင့် အဆီကျိတ်ဖြစ်ခဲပါတယ်။ ဦးခေါင်း၊ မျက်နှာ၊ လည်ပင်း၊ ဗိုက်၊ ခြေထောက်နေရာအနှံ့မှာ အဆီကျိတ်တွေဖြစ်စေနိုင်ပါတယ်။

**အဆီကျိတ်ဖြစ်နိုင်ခြေများသူ**

အဆီကျိတ်ဆိုတာ အဆီများတဲ့သူ၊ အဝလွန်သူတွေမှာ အဖြစ်များတယ်လို့ ထင်မြင်တတ်ကြပေမယ့် တကယ်တော့ အဆီများတဲ့သူတွေ၊ အဝလွန်သူတွေနဲ့ တိုက်ရိုက်မသက်ဆိုင်ပါဘူး။ တချို့တွေက မျိုးရိုးဗီဇနဲ့ပက်သက်ပေမယ့် တချို့တွေမှာ မျိုးရိုးဗီဇနဲ့ဆက်စပ်မှုမရှိပါဘူး။ ဒါကန်ရောဂါစု (Dercum disease) ဆိုတဲ့ရောဂါက ခန္ဓာကိုယ်မှာ အဆီကျိတ်တွေထွက်ပြီး နာကျင်မှုခံစားရတတ်ပါတယ်။ အဲဒီရောဂါစုဖြစ်ရင် မျိုးရိုးလိုက်တတ်ပါတယ်။ ပုံမှန်အနေနဲ့ ဆက်စပ်မှုမရှိနိုင်ပါဘူး။ အဆီကျိတ်က တချို့နေရာတွေမှာ ဆဲလ်ကပုံမှန်ပွားပြီးကြီးလာပါတယ်။ ကင်ဆာမှာတော့မဟုတ်ပါဘူး။

**စိုးရိမ်ရတဲ့အဆီကျိတ်**

ဝမ်းဗိုက်အမြှေးပါးရဲ့နောက်မှာ ထွက်တဲ့အကျိတ်တွေက စိုးရိမ်ရပါတယ်။ အဆိုပါနေရာတွေမှာ ပေါက်တဲ့အဆီကျိတ်တွေကိုမခွဲစိတ်ဘဲ ၁၀ နှစ်ကနေ ၁၅ နှစ်ကြာထားရင် လင်ဖိုဆာကိုးမားလို့ခေါ်တဲ့ ကင်ဆာရောဂါဘက် ပြောင်းလဲသွားပြီး အသက်အန္တရာယ်ကိုလည်း ထိခိုက်စေနိုင်ပါတယ်။

**အဆီကျိတ်နဲ့ ကင်ဆာကျိတ် ခွဲခြားနည်း**

ကင်ဆာကျိတ်နဲ့ အဆီကျိတ်က ရုတ်တရက်ကြည့်ရင်မှားနိုင်တယ်။ ဘယ်လိုခွဲခြားမလဲဆိုရင် အကျိတ်ရှိသလား လက်နဲ့စမ်းသပ်ကြည့်လို့ရပါတယ်။ အဆီကျိတ်က အဆီဆိုတော့ မာနေတတ်ပါတယ်။ အဆီကျိတ်အများစုက အိတ်ခွံလေးထဲမှာရှိတတ်ကြတယ်။ တချို့အိတ်ခွံလေးထဲမှာမရှိတဲ့ အဆီကျိတ်တွေလည်းရှိတတ်ပါတယ်။

အဆီကျိတ်နှစ်မျိုးရှိတယ်။ အဆီကျိတ်မှာတစ်နေရာတည်းရှိခြင်းနဲ့ ပြန့်ရောခြင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ တစ်နေရာတည်းရှိခြင်းက အဆီကျိတ်တစ်နေရာတည်းမှာရှိပြီး အိတ်လေးနဲ့ရှိတတ်တယ်။ ကြက်ဥလိုအိတ်ခွံလေးနဲ့ရှိတော့ စမ်းလိုက်ရင် ချောနေတယ်။ ဘေးအနားသတ်ကလည်း ထင်ထင်ရှားရှားရှိတယ်။ လက်မနဲ့လက်ညှိုးဖိပြီးစမ်းလိုက်ရင် ချော်ထွက်လာတတ်ပါတယ်။ အဲဒါကို ဆေးပညာအခေါ် Slipping sign လို့ ခေါ်ပါတယ်။ အဆီကျိတ်ဆိုပေမယ့် အခန်းအပူချိန်မှာတော့ အရည်ပါပါ။ အကျိတ်ထဲမှာ လိမ္မော်သီးလိုပုံစံမျိုး အကန့်လေးတွေခွဲထားပြီးရှိပါတယ်။

**အဆီကျိတ်ကိုခွဲစိတ်ဖို့လို၊ မလို**

အဆီကျိတ်ကို အလှအပအတွက် ရုပ်ပျက်တယ်ဆိုရင် ခွဲစိတ်သင့်ပါတယ်။ စားပွဲတင်တင်းနစ်၊ ကြက်တောင်စတာတွေကစားသူတွေရဲ့ တံတောင်ဆစ်မှာ အဆီကျိတ်ထွက်တတ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးတွေမှာ လုံချည်ဝတ်တဲ့နေရာ၊ ထဘီဝတ်တဲ့နေရာတွေမှာ အဆီကျိတ်ထွက်ရင် အနှောင့်အယှက်ဖြစ်တတ်ပါတယ်။

အဆီကျိတ်တွေရဲ့အရွယ်အစားကကြီးတယ်။ နာလာတယ်ဆိုရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။ စမ်းကြည့်ရင်အလုံးကမာတယ်ဆိုရင် ခွဲစိတ်သင့်ပါတယ်။ နှစ်အကြာကြီးအဆီကျိတ်အနေနဲ့ မထားသင့်ပါဘူး။ ဖယ်ထုတ်ပစ်လိုက်တာ အကောင်းဆုံးပဲဖြစ်ပါတယ်။

**အဆီကျိတ်ကုသခြင်း**

တချို့တွေက အဆီကျိတ်ရှိရင် ကိုလက်စထရောပါဝင်တဲ့ အစာတွေလျှော့စားပါတယ်။ အဆီကျတဲ့ဆေး သောက်သုံးတာတွေလုပ်လိုက်ရင် အကျိတ်သေးသွားမယ်လို့ထင်တတ်ကြပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ အဆီကျိတ်က လျော့မသွားပါဘူး။ ပုံမှန်ဆိုရင် ခွဲစိတ်တာက အကောင်းဆုံးကုသနည်းဖြစ်ပါတယ်။ ထုံဆေးနဲ့ ခွဲလို့ရပါတယ်။ အိတ်ခွံရှိတဲ့ အဆီကျိတ်ဆိုရင် ခွဲစိတ်ရတာပိုပြီးလွယ်ကူပါတယ်။ အန္တရာယ်မရှိပါဘူး။ အရမ်းကြီးတဲ့ တချို့အဆီကျိတ်တွေကို မေ့ဆေး၊ ထုံဆေးနဲ့ ခွဲတာတွေရှိပါတယ်။

**ဖယ်ရှားပြီးရင် ထပ်ထွက်နိုင်ခြင်း**

အဆီကျိတ်ကို ခွဲစိတ်ဖယ်ရှားလိုက်ပြီးရင်နောက်ထပ် ထပ်ဖြစ်နိုင်ခြေရှိပါတယ်။ ခန္ဓာကိုယ်ရဲ့တစ်နေရာက အဆီကျိတ်ကို ခွဲစိတ်ပြီး ဖယ်လိုက်ပေမယ့် နောက်တစ်နေရာမှာ ဆက်ဖြစ်နိုင်ပါသေးတယ်။

**နောက်ဆက်တွဲဆိုးကျိုးများ**

အဆီကျိတ်ကိုမဖယ်ရှားရင် နောက်ဆက်တွဲဖြစ်လာနိုင်တာတွေက အကျိတ်က ကြီးလာရင် အလှပျက်တာ၊ နေ့စဉ်လုပ်ငန်းဆောင်တာတွေမှာ အနှောင့်အယှက်ဖြစ်တာ၊ ထိခိုက်မိတာ၊ နာတာ၊ သွေးထွက်တာ၊ ဆီးချို၊ သွေးချိုရောဂါရှိသူတွေမှာပိုးဝင်ပြီး အနာမကျက်တာတွေ ဖြစ်နိုင်ပါတယ်။

**ကာကွယ်ခြင်း**

အဆီကျိတ်တွေခန္ဓာကိုယ်မှာ မဖြစ်အောင် ကာကွယ်ဖို့တော့ခက်ခဲပါတယ်။ အနေအထိုင်ဆင်ခြင်ရမယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင်စားသောက်ရမယ်။ နေ့စဉ်နာရီဝက်ကနေ တစ်နာရီအပြေး၊ ရွှရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး စတဲ့လေ့ကျင့်ခန်းတွေ ပြုလုပ်မယ်ဆိုရင် ဖြစ်နိုင်ခြေနည်းပါတယ်။ ဒါပေမဲ့ လုံးဝမဖြစ်ဘူးလို့ဆိုလိုတာတော့ မဟုတ်ပါဘူး။ လူတိုင်းဘယ်သူမဆို အဆီကျိတ်ဖြစ်နိုင်ပါတယ်။ အန္တရာယ်တော့မပေးပါဘူး။

အဆီကျိတ်ဆိုတာ အဆီဆဲလ်တွေစုပုံပြီးဖြစ်လာတဲ့အဖု ဒါမှမဟုတ် အကျိတ်ဖြစ်ပါတယ်။ အဆီကျိတ်တွေက အရေပြားအောက် အဆီဆဲလ်အများအပြားရှိတဲ့ တစ်သျှူးတွေမှာ အဖြစ်များပေမယ့် အန္တရာယ်မဖြစ်စေနိုင်ပါဘူး။ ဒါပေမဲ့ တဖြည်းဖြည်း ကြီးလာတာမျိုးတော့ ရှိတတ်ပါတယ်။ တစ်လုံးတည်း ဖြစ်လေ့ရှိပြီး အများကြီးဖြစ်တာရှားပါတယ်။

**ဖြစ်တတ်တဲ့နေရာ**

ဖြစ်တတ်တဲ့နေရာတွေကတော့ အဆီဆဲလ်ရှိတဲ့ ခန္ဓာကိုယ်ရဲ့ဘယ်နေရာမှာမဆို ဖြစ်နိုင်ပါတယ်။ ပခုံး၊ လက်မောင်း၊ လည်ပင်း၊ နောက်ကျော၊ ရင်ဘတ်တွေမှာအဖြစ်အများဆုံးဖြစ်ပြီး ခေါင်းအပေါ်ပိုင်း၊ နောက်ကျောအောက်ဘက်နဲ့ ခန္ဓာကိုယ်အတွင်း (ဗိုက်အတွင်းမှာ) လည်း ဖြစ်နိုင်ပါတယ်။ မျိုးရိုးအရ ခန္ဓာကိုယ်တစ်ခုလုံးအဆီကျိတ်များစွာ ဖြစ်တာမျိုးလည်းရှိပါတယ်။

**ဖြစ်လေ့ရှိသူများ**

အဆီကျိတ်တွေက အဖြစ်များတဲ့ရောဂါတစ်ခုဖြစ်ပြီး လူအယောက် ၁၀၀ မှာ တစ်ယောက်ဖြစ်တတ်ပါတယ်။ လူကြီး၊ လူငယ်အားလုံးမှာဖြစ်နိုင်ပေမယ့် လူလတ်ပိုင်းမှာပိုဖြစ်လေ့ရှိပါတယ်။ အမျိုးသား၊ အမျိုးသမီး ဖြစ်နိုင်ခြေရာခိုင်နှုန်းအတူတူလောက်ရှိပါတယ်။

**အဆီကျိတ်ရဲ့သွင်ပြင်လက္ခဏာ**

အမိုးခုံးပုံစံ ဒါမှမဟုတ် ဘဲဥပုံစံရှိပြီး အချင်း ပျမ်းမျှနှစ်စင်တီမီတာကနေ ၁၀ စင်တီမီတာအထိရှိနိုင်ပါတယ်။ သည့်ထက်ပိုကြီးတဲ့ အဆီကျိတ်တွေလည်း ရှိပါတယ်။ အဆီကျိတ်တွေက သိသာထင်ရှားပါတယ်။ နူးညံ့ချောမွေ့ပြီး လက်ချောင်းလေးတွေနဲ့ အလွယ်တကူစမ်းကြည့်လို့ရပါတယ်။ ရော်ဘာလိုလို၊ ဂျုံလိုလိုမပျော့မမာလေးဖြစ်နေပါတယ်။ အကျိတ်ပေါ်က အရေပြားကတော့ အများအားဖြင့် ပုံမှန်ပဲဖြစ်နေပါတယ်။

**အဆီကျိတ်ရဲ့ရောဂါလက္ခဏာများ**

အဆီကျိတ်တွေက ရောဂါလက္ခဏာမပြတတ်ဘူး။ နာကျင်တာ၊ ယားယံတာ၊ ဖိထားသလို ခံစားရတာမျိုးတွေဖြစ်တတ်ပါတယ်။ ကြီးလာတာမျိုးရှိပေမယ့် ကြည့်မကောင်းတဲ့အထိ ကြီးဖို့တော်တော်ကြာပါတယ်။ လှချင်တဲ့သူတွေအတွက် အဆီကျိတ်ကြီးလာတာက စိတ်ညစ်စရာကောင်းတဲ့ရောဂါတစ်ခုလို့ သတ်မှတ်လို့ရပါတယ်။ ရှားရှားပါးပါးအနေနဲ့ အန္တရာယ်ရှိလောက်အောင်အထိ ဖြစ်စေတာက အဆီကျိတ်က အနားမှာရှိတဲ့ အရေးကြီးတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု (ဥပမာ-အာရုံကြော)ကို ဖိမိပြီး ပြဿနာဖြစ်စေတတ်ပါတယ်။ အဆီကျိတ်တွေ ဘာကြောင့်ဖြစ်တယ်ဆိုတာ မသိသလို မျိုးရိုးလိုက်တဲ့ရောဂါတစ်ခုကလွဲရင် ကုသမှုက ခွဲစိတ်ဖယ်ရှားတဲ့နည်းပဲဖြစ်ပါကြောင်း ဗဟုသုတရရှိစေရန် ရေးသားဖော်ပြလိုက်ပါတယ်။

**ဒေါက်တာလွင်သန့်**

---

ငဖဲ၊ စိုက်ပျိုးရေး

## ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံမိုးနေကြာ ၄၄၇ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ကျေးရွာအုပ်စုများ၌ ဆီထွက်သီးနှံမိုးနေကြာ ၄၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နေကြာစိုက်ပျိုးရာတွင် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူများ၏ လယ်ယာမြေ ၄၁၉ ဧက၌ အထွက်နှုန်းကောင်းမွန်သည့် ဆင်းရွှေကြာ-၂ မျိုးနှင့် အပင်ပေါက်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည့် ရေဆင်းမျိုး-၁ မျိုးတို့ကို စိုက်ပျိုးရန်လျာထားရာ လက်ရှိတွင် သီးသန့်စိုက်ဧက ၃၆၂ ဧကနှင့် သီးညှပ်စိုက်ဧက ၈၅ ဧက စုစုပေါင်း ၄၄၇ ဧကကို ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် လျာထားချက်ထက် ပိုမိုစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ယခင်နှစ်က မိုးနေကြာ ၄၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်း ၁၆ ဒသမ ၇၇ တင်းထွက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေးအတွက် ဆင်းရွှေကြာ-၂ မျိုး ၄၅ ဧကနှင့် ရေဆင်းမျိုး-၁ မျိုး ၁၀ ဧက စုစုပေါင်းမျိုးစေ့ထုတ် ၅၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဆီထွက်သီးနှံမိုးနေကြာ အပင်ကြီးထွားဖြစ်ထွန်းစေရေး၊ အပွင့်အရွယ်အစားကြီးမားစေရေး၊ အစေ့အဆန်အောင်မြင်စေရေးတို့အတွက် လိုအပ်သောသွင်းအားစုများ စနစ်တကျထည့်သွင်းပေးရေး၊ အပင်ပြုစုစောင့်ရှောက်ရေးနည်းစနစ်များနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့်ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

ကော့သောင်း၊ လူမှုရေး

## ကော့သောင်းမြို့၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဧည့်မထဆန်များ ရောင်းချပေးလျက်ရှိ



တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စားသုံးသူရေးရာဦးစီးဌာန ကော့သောင်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စားသုံးသူများအတွက် ဧည့်မထ(ဇီယာ)ဆန်များကိုသက်သာသောဈေးနှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းရုံးနေရာ၌ အသင်းသား၊ အသင်းသူများက ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာ ပြည်သူများအား တစ်ဖက်တစ်လမ်းမှ အကူအညီဖြစ်စေရန် ရည်ရွယ်၍ ဇွန်လ ၂၇ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့အထိ ကော့သောင်းမြို့နယ်ဆန်စပါးလုပ်ငန်းအသင်းနှင့် တာဝန်ရှိသူများသည် ဧည့်မထ(ဇီယာ)ဆန်များအား သတ်မှတ်ဈေးနှုန်းများအတိုင်း နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအတွင်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

ကန့်ဘလူ၊ လူမှုရေး

## ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများရောင်းချပေးလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အတွင်းရှိ ပြည်သူများစားသုံးဆီများကို ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ အမှတ်(၁)နှင့် အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့နှင့် အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းဘေးတို့၌ စားသုံးဆီများအား ပြည်သူများလက်ဝယ် အရောက်ဖြန့်ဝေရောင်းချပေးသည်။

အဆိုပါစားသုံးဆီများရောင်းချရာ၌ ပြည်သူများသက်သာချောင်ချိစေရန်နှင့် သက်သာသောနှုန်းထားဖြင့် စားသုံးဆီများစနစ်တကျဝယ်ယူနိုင်စေရန်ရည်ရွယ်၍ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ ပြည်သူများ၏လက်ဝယ်အရောက် ရောင်းချပေးကြောင်း၊ ကျန်ရပ်ကွက်များကိုလည်း ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မင်းလှ၊ လူမှုရေး

## မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ အတွင်းတိမ်နှင့် မျက်စိရောဂါစမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာဓမ္မာရုံ၌ မကွေးခရိုင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှအတွင်းတိမ်နှင့်မျက်စိရောဂါစမ်းသပ်စစ်ဆေးဆောင်ရွက်ခြင်းကို ဩဂုတ်လ ၆ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မကွေးခရိုင်မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ ကျန်းမာရေးမှူး ဒေါ်အေးဝင်းဝင်းခိုင်ဦးဆောင်သောအဖွဲ့က သဖန်းချောင်းကျေးရွာနေ အသက် ၅၀ နှစ် အထက်ပြည်သူ ၈၂ ဦးအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ အတွင်းတိမ်နှင့် မျက်စိရောဂါ အခမဲ့စမ်းသပ်စစ်ဆေးခြင်းတို့ဆောင်ရွက်ပေးရာ အတွင်းတိမ်လူနာ ၁၁ ဦး စစ်ဆေးတွေ့ရှိသည်။

အဆိုပါ အတွင်းတိမ်တွေ့ရှိသူ ၁၁ ဦးအား မင်းဘူးခရိုင်ပြည်သူ့ဆေးရုံကြီး၌ အတွင်းတိမ်အခမဲ့ထပ်မံစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

မျက်စိရောဂါအခမဲ့စမ်းသပ်စစ်ဆေးရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းစန်းမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ငယ်ငယ်အောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်းသိရသည်။

ဇာဇာ(အထက်မင်းလှ)

## တက်ညီလက်ညီ ရှေ့သို့ချီ

➪ ပြည်ထောင်စုလေ၊ တို့တွေရေလမ်း
လေတွေကြမ်းလည်း၊ ရွှေနန်းဆိပ်မြိုင်
ပန်းတိုင်အရောက်၊ ခရီးပေါက်အောင်
ပြီးမြောက်ဆောင်လို့ လှော်ခတ်စို့။

➪ ညီနောင်ထုတွေ၊ တို့တစ်တွေလမ်း
ရေမြေလေကြမ်း၊ မသွေတမ်းပ
တက်လှမ်းပန်းဝင်၊ အားအင်ခိုင်မြဲ
မယိုင်လဲပျော် အတူလှော်စို့။

➪ ညီညီညာညာ၊ ပြည်ရွာအကျိုး
စည်ဖြာကျိုးက၊ တို့ရင်ဆပွား
အများအတွက်၊ အားတက်ကာပင်
စိတ်တွင်ရွှင်ပျ၊ ဝီရိယကဲ
လုံ့လမြဲမြဲ၊ သတ္တိဖွဲ့ဝေ
စိတ်ရှည်သည်းခံ၊ ပြည်ကောင်းရန်သာ
မိဋ္ဌာန်ပါမည် တို့ယုံကြည်။

➪ မုန်တိုင်းမွှေစမ်း၊ လေတွေကြမ်းပါစေ
မတွေဝေဘူး၊ လှေမလူးပါ
လှေဦးအောင်လံ၊ မိုးထက်ယံမှာ
ဝဲပျံတက်ကြွ၊ သွက်လက်လှဘိ
အားအင်ပြည့်လျက်၊ ပြည့်အတွက်မို့
ခရီးဆက်မည်၊ ဖွဲ့မာန်ချီ။
တက်ညီလက်ညီ တို့မြန်ပြည်။
ပန်းတိုင်အရောက် လှော်ခတ်မည်။ ။

အကျော်ပင်

### ♫♫ သဇင် (FM) ♫♫ အသံလွှင့်အစီအစဉ်

၈-၈-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃:၃၅ | Music Quiz |
| ၄။ | ၁၇:၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၂၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ဖူးစားပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ စတဲ့ လိုအပ်တဲ့စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် ဖူးစားပြောင်းစိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် ဖူးစားပြောင်းမှာ ပန်းရွှေသကြားပြောင်းမျိုးနှင့် ရိုးရိုးသကြားပြောင်းမျိုးတို့ဖြစ်သည်။ ဒေသခံတောင်သူများ သီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်နှင့် အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး ကူညီပေးခြင်း၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ဧရာတ်ပိုးသတ်ဆေး အသုံးပြုရေး အသိပညာပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

ရန်ကုန်၊ လူငယ်ရေးရာ

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ်လ ၆ ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများလှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးနိုင်ကလက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေအေးက အားကစားနှင့်လူငယ်ဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဉ္ဇူက လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၂၈၅)

ဇလွန်၊ ကျေးလက်ဖွံ့ဖြိုးရေး

# စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေး

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြာအင်းကျေးရွာအုပ်စု ရေပေါက်ကလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်အဖြစ် ဩဂုတ်လ ၇ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်က ရေပေါက်ကလေးကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေပေါက်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၅၆ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၂၉၄ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

ရန်ကုန်၊ ယာဉ်မတော်တဆမှု

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၁၆ ကြိမ်ဖြစ်ပွားခဲ့

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၁၆ ကြိမ်ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် ဇူလိုင်လအတွင်း အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၀ ဦးနှင့်သေဆုံးသူ ကိုးဦးရှိကြောင်း သိရသည်။

''လက်ရှိကာလမှာ မိုးများတဲ့အတွက် လမ်းမကြီးမှာ အရှိန်ပြင်းပြင်းနဲ့မောင်းလိုက်တဲ့အခါ ယာဉ်မတော်တဆမှုတွေ မြင့်တက်နိုင်ပါတယ်။ ဒါကြောင့် ယာဉ်မောင်းသူတွေအနေနဲ့ မိမိတို့ကားတာယာတွေကို ကြိုတင်စစ်ဆေးပြီးမှ သွားလာဖို့ လိုအပ်ပါတယ်'' ဟု ၎င်းကပြောသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ အိပ်ငိုက်၊ လမ်းကူးသူပေါ့ဆ၊ တိရစ္ဆာန်ကြောင့်၊ ဆိုင်ကယ်ပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း၊ ဘီးပေါက်ခြင်းနှင့် စက်ချို့ယွင်းခြင်း၊ တံတားနှင့် လမ်းချော်ခြင်းတို့ကြောင့်ဖြစ်ပွားပြီး ရာသီဥတုကြောင့်လည်း ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိရာ လူကြောင့်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုသည် အများဆုံးဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သည့်ယာဉ်များကို အရေးယူဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**စောယု**

# ဘင်းမ်စတက်အဖွဲ့အတွင်းက မြန်မာနိုင်ငံ



**စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးမှာ "အကြမ်းဖက်ဝါဒနှင့် တရားမဝင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်နဲ့ ဒေသတွင်းမှာ အစွန်းရောက်အကြမ်းဖက်မှုအတွေးအခေါ်များ မပျံ့နှံ့စေရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုများပပျောက်စေရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများရဲ့အတွေ့အကြုံများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြ၊ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းအကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် နည်းလမ်းများ၊ အခွင့်အလမ်းများ၊ အကြံဉာဏ်များရရှိခဲ့သလို သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ (Non-Traditional Security Threats) ကိုလည်း ဝိုင်းဝန်းကာကွယ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြ . . .**

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံများက အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ သက်ဆိုင်ရာလုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်းလက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့်အခြေအနေနှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် နည်းလမ်းများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

အစည်းအဝေးတက်ရောက်လာကြတဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များဟာ သက်ဆိုင်ရာနိုင်ငံများအလိုက် အစိုးရအဖွဲ့တွေမှာ ဩဇာအာဏာရှိသူများဖြစ်ပြီး သူတို့နိုင်ငံတွေရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ အမျိုးသားလုံခြုံရေးကိစ္စရပ်များမှာ မူဝါဒချမှတ်သူများ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ဒီလိုပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင် စုံစုံညီညီတက်ရောက်လာပြီး အပြုသဘောဆောင်တဲ့ဆွေးနွေးပြောဆိုမှုတွေဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအတွက် များစွာအထောက်အကူဖြစ်စေပြီး ဒီလိုအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ Legitimacy ကို အားကောင်းစေသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများနဲ့ သံတမန်ရေးဂုဏ်သိက္ခာတွေကို ရရှိခဲ့ပါတယ်။

အထူးသဖြင့် ဘင်းမ်စတက်အဖွဲ့ထဲမှာ မြန်မာ့အိမ်နီးချင်းတွေဖြစ်တဲ့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများ ပါဝင်တာကြောင့် နယ်စပ်ဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခများနဲ့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများကို ပူးပေါင်းနှိမ်နင်းနိုင်မယ့် နည်းလမ်းများကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

BIMSTEC အဖွဲ့ဟာ ထိုင်းနိုင်ငံအနေနဲ့ အိမ်နီးချင်းအနောက်နိုင်ငံတွေနဲ့ စီးပွားရေးတိုးချဲ့ဆက်သွယ်ဆောင်ရွက်လိုသော Look West Policy၊ အိန္ဒိယနိုင်ငံရဲ့ အရှေ့တောင်အာရှဒေသနိုင်ငံများနဲ့ စီးပွားရေးအရ ပိုမိုနီးကပ်စွာဆောင်ရွက်လိုတဲ့ Look East Policy တို့ရဲ့ ပေါင်းစည်းထားတဲ့ ရလဒ်ကနေဖြစ်ပေါ်လာတဲ့ ဒေသတွင်းခိုင်မာအားကောင်းတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

အဆိုပါအဖွဲ့ကို ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဲဒီအချိန်တုန်းက ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်း လေးနိုင်ငံသာပါဝင်ကာ (Bangladesh-India-Srilanka-Thailand Economic Cooperation) BISTEC ဟုခေါ်ဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး (Bangladesh-India-Myanmar-Srilanka-Thailand-Economic Cooperation) BIMSTEC ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဘူတန်နဲ့ နီပေါနိုင်ငံတွေဟာ အဖွဲ့ဝင်နိုင်ငံသစ်များအဖြစ် ပါဝင်လာခဲ့ပါတယ်။ BIMSTEC ဒေသတစ်ခုလုံးရဲ့ လူဦးရေဟာ ၁ ဒသမ ၈ ဘီလီယံ(၂၀၂၃) ရှိပြီး တစ်ကမ္ဘာလုံး လူဦးရေ၏ ၂၂ ရာခိုင်နှုန်း ရှိပါတယ်။ ကုန်ထုတ်လုပ်မှုမှာလည်း စုစုပေါင်း ၃ ဒသမ ၆ ထရီလီယံ(၂၀၂၃) ရှိပါတယ်။ ဘင်းမ်စတက်အဖွဲ့ဟာ တောင်အာရှနှင့် အရှေ့တောင်အာရှ၊ ထိုမှတစ်ဆင့် အရှေ့အာရှဒေသသို့ ဆက်သွယ်ပေါင်းကူးရေးအတွက် အရေးကြီးသော အဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။


ဘင်းမ်စတက်အဖွဲ့ရဲ့ မူဘောင်အောက်မှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေဟာဆိုရင် အချုပ်အခြာအာဏာ တန်းတူရည်တူရှိရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံရေးအမှီအခိုကင်းရေး၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရေး၊ ကျူးကျော်မှုမပြုရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန် လေးစားရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးတို့အပေါ်တွင် အခြေခံရေးနှင့် ဆုံးဖြတ်ချက်အားလုံးကို တူညီဆန္ဒ (Consensus)အပေါ်တွင်သာ အခြေခံနိုင်ရေးအတွက် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားပါတယ်။

ဘင်းမ်စတက်အဖွဲ့ဟာ အခြားအဖွဲ့အစည်းများနဲ့မတူဘဲ ကွဲပြားခြားနားမှုတွေက နေထိုင်မှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ယဉ်ကျေးမှုစတဲ့ အချက်တွေ ကွဲပြားကြတဲ့နိုင်ငံများနဲ့ ဖွဲ့စည်းတည်ထောင်ထားပြီးတော့ အဖွဲ့ဝင်နိုင်ငံများအားလုံးဟာလည်း ဒေသတွင်းအကျိုးရှိစေမည့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွေမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အပြန်အလှန် အကူအညီပေးရေးတို့ကို လုပ်ဆောင်လျက်ရှိပါတယ်။

ဘင်းမ်စတက်အဖွဲ့ဟာဆိုရင် ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ အစည်းအဝေးဆိုပြီး အဓိကယန္တရား(၄)ရပ်ဖြင့် အဆင့်ဆင့်လည်ပတ်လျက်ရှိပါတယ်။

BIMSTEC အဖွဲ့စတင်တည်ထောင်ချိန်တုန်းက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခဲ့သော်လည်း ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ နိုင်ငံဖြတ်ကျော်အကြမ်းဖက်မှုများ၊ လက်နက်နှင့်မူးယစ်ဆေးဝါးမှောင်ခိုမှုတွေကြောင့် လုံခြုံရေးကဏ္ဍကိုလည်း သမားရိုးကျလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ (Traditional Security Threats) အပြင် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်တို့ကြောင့် ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေး (Maritime Security) ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားလာကြပြီ ဖြစ်ပါတယ်။

ဒါ့ကြောင့် **စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးမှာ "အကြမ်းဖက်ဝါဒနှင့် တရားမဝင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်နဲ့ ဒေသတွင်းမှာ အစွန်းရောက်အကြမ်းဖက်မှုအတွေးအခေါ်များ မပျံ့နှံ့စေရေးနှင့် တရားမဝင်မူးယစ်ဆေးဝါး ကုန်သွယ်မှုများ ပပျောက်စေရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများရဲ့အတွေ့အကြုံများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းအကြမ်းဖက်နှိမ်နင်းရေး**




စာမျက်နှာ ၁၂ သို့ ✻

* စာမျက်နှာ ၁၁ မှအဆက်
**ပူးပေါင်း ဆောင်ရွက်မှုများအတွက် နည်းလမ်းများ၊ အခွင့်အလမ်းများ၊ အကြံဉာဏ်များရရှိခဲ့သလို သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ (Non-Traditional Security Threats) ကိုလည်း ဝိုင်းဝန်းကာကွယ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြ**ပါတယ်။

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ အာဆီယံနဲ့တောင်အာရှဒေသရဲ့ အချိတ်အဆက်နိုင်ငံတစ်ခုဖြစ်တာကြောင့် အာဆီယံနဲ့ ဘင်းမ်စတက်အဖွဲ့အစည်းအတွင်းမှာ အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ယခုလို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို အောင်မြင်စွာ ဦးဆောင်ကျင်းပပြုလုပ်နိုင်ခြင်းဟာ မြန်မာနိုင်ငံအတွက် သံတမန်ရေးအရ အောင်မြင်တဲ့လှုပ်ရှားမှုဖြစ်ပြီး စီးပွားရေးအရလည်း အဖွဲ့ဝင်နိုင်ငံများနဲ့ ကုန်သွယ်မှုများပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မယ့် အလားအလာကောင်းတွေကို ရရှိခဲ့ပါတယ်။

နယ်စပ်ကုန်သွယ်ရေးမှာ အရှေ့ဘက်မှာရှိတဲ့ တရုတ်တစ်နိုင်ငံတည်းကို မှီခိုနေရတာထက် အနောက်ဘက်မှာရှိတဲ့ လူဦးရေ ၁ ဒသမ ၄ ဘီလီယံနေထိုင်ရာ အိန္ဒိယနဲ့ပါ ရင်းနှီးပွင့်လင်းစွာပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ အများအပြား ရရှိခဲ့ပါတယ်။ ဘင်းမ်စတက်အဖွဲ့ဝင်တွေထဲက ဦးဆောင်နိုင်ငံဖြစ်တဲ့ အိန္ဒိယမှတစ်ဆင့် အရှေ့အလယ်ပိုင်းနဲ့ ဥရောပနိုင်ငံများကိုပါ ကူးသန်းရောင်းဝယ်မှုချိတ်ဆက်နိုင်ရေး ပိုမိုအားကောင်းအောင် လုပ်ဆောင်နိုင်မယ့်လမ်းကြောင်းတွေရှာဖွေနိုင်ခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေထဲမှာ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (Association of Southeast Asian Nations- ASEAN)မှာ ပါဝင်တဲ့နိုင်ငံများ ပါရှိသလို တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (South Asian Association for Regional Cooperation – SAARC)တွင်လည်း ပါဝင်တဲ့နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် ဘင်းမ်စတက်အဖွဲ့ကြီးဟာ ယင်းဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း နှစ်ခုကို ဆက်စပ်ပေါင်းကူးပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။

အာဆီယံမှာ မြန်မာ့အိမ်နီးချင်းတွေဖြစ်တဲ့ ထိုင်းနဲ့ လာအိုတို့ပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာလည်း မြန်မာ အိမ်နီးချင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့ ပါဝင်ပါတယ်။ ဘင်းမ်စတက်အဖွဲ့ထဲက အိမ်နီးချင်းများဟာ သဘောထားမှန်ကန်ပြီး နှစ်နိုင်ငံအကျိုးစီးပွားအတွက် မျှတတဲ့အမြင်နဲ့ပူးပေါင်းဆောင်ရွက်ကူညီမှုတွေရှိနေပါတယ်။ သံတမန်ရေးအရ ထိုးနှက်ပိတ်ဆို့ခံနေရတဲ့ နစကအစိုးရဟာ ဘင်းမ်စတက်အဖွဲ့ထဲမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ ဘင်းမ်စတက်အဖွဲ့အတွက် သာမက မြန်မာနိုင်ငံအတွက်အလွန်အကျိုးရှိပါတယ်။

နိုင်ငံတကာအကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းတွေဟာ ဘင်းမ်စတက်ဒေသတွင်းစီးပွားရေးနဲ့ လူမှုရေးတိုးတက်မှုကို ခြိမ်းခြောက်နေတာကြောင့် ပူးပေါင်းတိုက်ဖျက်ဖို့နဲ့ အထူးသဖြင့် သတင်းဖလှယ်ရေးအပါအဝင် အကြမ်းဖက်မှုနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို ထိထိရောက်ရောက် တိုက်ဖျက်မည့်အစီအစဉ်တွေနဲ့ ဆောင်ရွက်မယ့်မူဝါဒတွေကို ချမှတ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့အချိန်ကာလမှာ ကမ္ဘာ့နိုင်ငံအများစုဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်လုံခြုံရေးအခြေအနေတို့ကြောင့် မိမိနိုင်ငံတစ်နိုင်ငံတည်း ရပ်တည်နိုင်ရန် မဖြစ်နိုင်တော့သည့်အတွက် အခြားနိုင်ငံတစ်နိုင်ငံနှင့်သော်လည်းကောင်း၊ အခြားနိုင်ငံ အများစုနှင့်သော်လည်းကောင်း၊ ပူးပေါင်းပြီးရပ်တည်နိုင်မှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍတွေမှာ တိုးတက်ဖွံ့ဖြိုးသော အကျိုးသက်ရောက်မှုများရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိနိုင်မှာဖြစ်လို့ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဘင်းမ်စတက်၊ အာဆီယံကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့များ ဖွဲ့စည်းလာခဲ့ကြခြင်းဖြစ်ပါတယ်။

**ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှနဲ့ တောင်အာရှနိုင်ငံများအကြား ကုန်းတွင်းအချိတ်အဆက်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ ဘင်းမ်စတက်နဲ့ အာဆီယံအကြား ပေါင်းကူးပေးနိုင်သလို လုံခြုံရေးကဏ္ဍ အကြမ်းဖက်နှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက်သာမက ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒေသခွဲအတွင်း စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေမယ့် အခြေအနေနဲ့ ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်တဲ့ အချက်အချာနိုင်ငံတစ်ခုဖြစ် . . .**

ဒါကြောင့် **ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှနဲ့ တောင်အာရှနိုင်ငံများအကြား ကုန်းတွင်းအချိတ်အဆက်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ ဘင်းမ်စတက်နဲ့ အာဆီယံအကြား ပေါင်းကူးပေးနိုင်သလို လုံခြုံရေးကဏ္ဍ အကြမ်းဖက်နှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက်သာမက ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒေသခွဲအတွင်း စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေမယ့် အခြေအနေနဲ့ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်တဲ့အချက်အချာနိုင်ငံတစ်ခု**ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**မင်းခန့်**

နေပြည်တော် ဩဂုတ် ၇

# တိုက်ကြီးမြို့နယ်ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုစာရင်းထုတ်ပေးနေမှုနှင့် Biometric ကောက်ယူမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုစာရင်းထုတ်ပေးပြီး Biometric ကောက်ယူနေမှုအား ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးခရိုင်ဦးစီးမှူးရုံးတွင် ဝန်ထမ်းများကဒေသခံပြည်သူများအား ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုစာရင်းထုတ်ပေးနေမှု၊ Biometric ကောက်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေးကြရာ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက ပန်းခင်းစီမံချက် (၃)ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်သည့် အင်္ကျီနှင့်ဦးထုပ်များကို ဒေသခံပြည်သူတစ်ဦးချင်းစီအား လိုက်လံပေးအပ်ကြပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရုံးခန်းများဖွဲ့စည်းထားရှိမှုနှင့်မှတ်တမ်းခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေမှလွဲ၍ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ အိမ်ထောင်စုမေးခွန်းပုံစံအတွက်မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးကဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

ရန်ကုန် ဩဂုတ် ၇

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲတွင် ISPE ယူ-၂၀ အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပရာ ISPEယူ-၂၀ အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ မဟာယူနိုက်တက်ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ISPE ယူ-၂၀ အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆ မိနစ် တွင်ရှိုင်းကိုကိုဇော်၊ ပွဲချိန် ၆၆ မိနစ်နှင့် ပွဲချိန် ၉၂ မိနစ်တွင် မျိုးမြတ်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် ISPE ယူ-၂၀ အသင်းမှ နိုင်ဝင်းက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိသည့်အတွက် မဟာယူနိုက်တက် အသင်းချေပဂိုးတစ်ဂိုးပြန်လည်ရရှိခဲ့ပြီး ISPE ယူ-၂၀ အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ Junior Lions အသင်းနှင့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် Junior Lions အသင်းက ပွဲချိန်တစ်လျှောက်လုံးခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် ကျော်သီဟ၊ ပွဲချိန် ၇၈ မိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၈၂ မိနစ်တွင် ခွန်မောင်လွန်း၊ ပွဲချိန် ၉၂ မိနစ်တွင် သော်ဇင်ကိုတို့ကသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၁၀)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၈ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ မြဝတီအက်ဖ်စီ ယူ-၂၀ အသင်း နှင့် ဒဂုံစတား ယူ-၂၀ အသင်း၊ ပဒုမ္မာအားကစားကွင်း၌ ရှေ့ဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဩဂုတ် ၇

# ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ညွှန်ကြားရေးမှူးအား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် လက်ခံတွေ့ဆုံ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(United Nations Office for Project Services UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍများတွင် လိုအပ်သည့် ကူညီပံ့ပိုးမှုများကို တည်ဆဲဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Ms.Noriko Takagi နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ MoU မူဘောင်အရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ UNHCR မှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုနှင့် ဒေသခန့်ဝန်ထမ်းများ ခရီးသွားလာရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ UNHCR အနေဖြင့် လုပ်ငန်းဆိုင်ရာအသုံးပြုမည့်ပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် ကူညီဆောင်ရွက်ပေးမှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

(၂၅)ကြိမ်မြောက်ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။





အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မိမိတို့ဆပ်ကော်မတီ၏ လုပ်ငန်းများကို ဆပ်ကော်မတီဝင်အားလုံး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ချက်၊ မူဝါဒဆုံးဖြတ်မှု ခံယူရန်၊ လိုအပ်ချက်များကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများသို့ အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဧည့်ခံကျွေးမွေးရေးနှင့် ပတ်သက်၍ ယခင်နှစ် ဆောင်ရွက်ခဲ့မှုများ၏ အားနည်းချက်၊ အားသာချက်များနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့် ကိစ္စများ၊ ကျွေးမွေးဧည့်ခံရေး ဆောင်ရွက်မည့် ဝန်ထမ်းများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝတ်စားဆင်ယင်မှုကိစ္စများ၊ အစားအစာများ သန့်ရှင်းစင်ကြယ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးရေး၊ လုံခြုံရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် အသုံးစရိတ်များ သုံးစွဲရာတွင်ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက ယခင်ပြိုင်ပွဲများ၌ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

ကျွန်းလှ ဩဂုတ် ၇

# ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်းဧက ၁၅၀၀၀ ကျော်စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြရာ ယခုနှစ် မိုးရာသီတွင် အစေ့ထုတ်ပြောင်းဧက ၁၅၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးရာသီမှာ အစေ့ထုတ်ပြောင်းစိုက်ပျိုးဖို့ ၁၄၉၉၅ ဧကလျာထားရာ ၁၅၀၁၂ ဧကစိုက်ပျိုးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ သီးသန့်စိုက်ကြသလို ပဲစင်းငုံသီးနှံနဲ့ သီးညှပ်စိုက်ပျိုးကြပါတယ်။ အခုပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက ငမြောင်တောင်ပိုးကာကွယ်ရေးနည်းလမ်းများ၊ ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်၊ ကွင်းပြပွဲနှင့် သင်တန်းများဖွင့်လှစ်ပြီး အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် မိုးသီးနှံစိုက်ပျိုးမှုအနေဖြင့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ကြံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ၇-၈-၂၀၂၄ ထူးခြားသည့် နေ့အပူချိန်များ

| | | | |
|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| | | ကျောက်ဆည် | ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မုံရွာ | ၃၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၃၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |

ရန်ကုန် သြဂုတ် ၇

# ဆဋ္ဌမူပိဋကသုံးပုံ အဋ္ဌကထာကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်း




ဆဋ္ဌမူပိဋကသုံးပုံအဋ္ဌကထာကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေး အတွက် စေတနာရှင်အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား နှင့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ လေးလပတ်စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်များကြွရောက်တော်မူကြပြီး အလှူရှင်ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ တိပိဋကလင်္ကာရစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက်ဆဋ္ဌမူပိဋကသုံးပုံအဋ္ဌကထာ ကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ လှူဒါန်းငွေကျပ် ၃၃ သိန်းနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆဋ္ဌမူပိဋကသုံးပုံ အဋ္ဌကထာကျမ်းစာအုပ်များ ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ယနေ့ စေတနာရှင် အလှူရှင်များ၏လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၉၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

နေပြည်တော် သြဂုတ် ၇

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက် အကောင်းဆုံးကျောင်းနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

ပြည်ထောင်စုနယ်မြေနေပြည်တော်၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းနှင့်အောင်ချက်အကောင်းဆုံးမြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ခေတ္တအမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများနှင့်ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အောင်ချက်အကောင်းဆုံးမြို့နယ် ၃ မြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း ၃ ကျောင်းနှင့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅ ဦးတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ခြောက်ဘာသာ၊ ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုဆုချီးမြှင့်ပွဲအတွက် နေပြည်တော်ကိုယ်ပိုင်ကျောင်းများအသင်းနှင့် နေပြည်တော်စီးပွားရေးလုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဖျော်ဖြေတင်ဆက်ကြ




သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။


ထို့နောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဖူးပြည့်ခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အသီးတစ်ရာအညာတစ်ခုတေးသရုပ်ဖော်နှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ ငါးဘာသာ ၆၇ ဦး၊ လေးဘာသာ ၈၅ ဦး၊ သုံးဘာသာ ၁၀၄ ဦး၊ နှစ်ဘာသာ ၁၆၈ ဦး၊ တစ်ဘာသာ ၄၈၁ ဦး စုစုပေါင်းဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၉၃၄ ဦးရှိပြီး အောင်ချက်အကောင်းဆုံးမြို့နယ် ပထမဆုရ ပျဉ်းမနားမြို့နယ်၊ ဒုတိယဆုရ ပုဗ္ဗသီရိမြို့နယ်နှင့် တတိယဆုရ လယ်ဝေးမြို့နယ် တို့ဖြစ်ကြောင်း၊ အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရ တပ်ကုန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်း (MRTV)၊ ဒုတိယဆုရ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းနှင့် တတိယဆုရ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့ဖြစ်ကြောင်း သိရသည်။(မြဝတီ)

ရန်ကုန် သြဂုတ် ၇

# ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့်ပျူစာပေ) ဒုတိယနေ့ဆက်လက်ကျင်းပ



မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုရန် ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့်ပျူစာပေ) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပျူယဉ်ကျေးမှုနှင့် ပျူခေတ်ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပျူအက္ခရာနှင့် ပျူစာပေဆိုင်ရာ တွေ့ရှိချက်များနှင့် ပတ်သက်သည့် အထောက်အထားများ၊ သံခေတ်နှင့် ပျူခေတ်အရိုးနမူနာများမှ ကာဗွန်သက်တမ်းနှင့် DNA Sequencing ဆိုင်ရာ သုတေသနဆောင်ရွက်နေမှုအခြေအနေများ၊ ပျူဘာသာစကားရှိအရေးအတွက်နှင့် အစဉ်ဖော်ပြမှုစနစ်များအား ပညာရှင်များက ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်ဆွေးနွေးပွဲ၏ ကဏ္ဍာတစ်ခုဖြစ်သော ပျူအက္ခရာနှင့် ပျူစာပေ ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

# အမျိုးသားမြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

အမျိုးသားမြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှုကောင်စီရှိ အထောက်အကူပြုလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြေအရင်းအမြစ်များသည် လူသားများအတွက် စားရေရိက္ခာ၊ သန့်ရှင်းသည့်ရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် အခြားဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသည့် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်ဖြစ်သကဲ့သို့ တိုးပွားအောင်လုပ်၍မရသော အကန့်အသတ်ရှိသည့် အရင်းအမြစ်လည်းဖြစ်သည့်အတွက် မြေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ ပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်၏ မြေအရင်းအမြစ်များကို စဉ်ဆက်မပြတ် စီမံခန့်ခွဲအသုံးချနိုင်ရန် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ ညီညွတ်မျှတရေးနှင့် အမျိုးသားမြေဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သော လမ်းညွှန်မှုတစ်ခုဖြစ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူများ ပူးပေါင်းပါဝင်ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း။

အဆိုပါ အမျိုးသားမြေအသုံးချမှုမူဝါဒ အပိုဒ်-၉ အပိုဒ်ခွဲ(က)တွင် လမ်းညွှန်ဖော်ပြထားသည့်အတိုင်း အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လက်ရှိမြေစီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးမှဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများပါဝင်သည့် အမျိုးသားမြေအသုံးချမှုကောင်စီကိုဖွဲ့စည်းခဲ့ပြီး မြေစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို အဖွဲ့ဝင်များအကြား ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရန်အတွက် ယခုကဲ့သို့ အစည်းအဝေးများကျင်းပခဲ့သည်မှာ ခြောက်ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအစိုးရက စီမံခန့်ခွဲလျက်ရှိသောမြေများအတွင်း တရားမဝင်ကျူးကျော်ခြင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် ဥပဒေပြဋ္ဌာန်းမှုများ ချိတ်ဆက်မှုအားနည်းခြင်း၊ ဥပဒေတစ်ခုနှင့်တစ်ခု သဟဇာတမဖြစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ မြေအရင်းအမြစ်အချက်အလက်များနှင့် မြေပုံများတိကျမှန်ကန်မှုမရှိခြင်း၊ မြေပြင်၌လက်တွေ့စီမံခန့်ခွဲရန်ခက်ခဲခြင်း၊ ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်း စသည့်စိန်ခေါ်မှုများကိုတွေ့ကြုံနေရကြောင်း၊ ထိုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အရေးကြီးဆုံးတာဝန်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားမြေဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက် ကိုးချက်ပေါ် အလေးထားလိုက်နာဆောင်ရွက်ရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ လုပ်ငန်းတာဝန် ၁၀ ချက်အပေါ် လိုက်နာဆောင်ရွက်ရန်၊ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်းကိစ္စရပ်များကို ပြည်သူများနစ်နာမှုမရှိစေရန် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေနှင့်အညီဆောင်ရွက်ရန်၊ စိုက်ပျိုးမြေများကို အခြားနည်းလမ်းဖြင့် အသုံးမပြုရေးကြပ်မတ်ဆောင်ရွက်ရန်၊ မြေကိုအကျိုးရှိစွာအသုံးချရန်အတွက် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျအလေးထားဆောင်ရွက်သွားရန်၊ မြေအရင်းအမြစ်နှင့် သတင်းအချက်အလက်များမှန်ကန်စေရန် မြေပုံများစနစ်တကျ ရေးဆွဲထုတ်ပြန်နိုင်ရန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပဉ္စမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲပြုစုနေသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက တွေ့ကြုံနေရသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများရယူစုဆောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှုရှေ့ပြေးစီမံကိန်းရေးဆွဲရေးကိစ္စရပ်များနှင့် အမျိုးသားမြေဥပဒေမူကြမ်း ရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အစည်းအဝေးတွင် ဆွေးနွေးချက်များအပေါ်အခြေခံ၍ အနာဂတ်တွင် စနစ်ကျ၍ ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ပီပြင်ခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားမြေဥပဒေကို လက်တွေ့ကျပြီး ပိုမိုထိရောက်စွာရေးဆွဲနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေး ဌာနအလိုက်ညှိနှိုင်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (မဝ)

သံဖြူဇရပ် ဩဂုတ် ၇

# သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာ၌ VRFP စီမံကိန်းချေးငွေများထုတ်ချေးပေး

မွန်ပြည်နယ်မော်လမြိုင်ခရိုင်သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ယနေ့တွင် မြမာလာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ပဉ္စမအကြိမ်ချေးငွေများ ပြန်လည်ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက မြမာလာကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကိုပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြမာလာကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များထံ ရန်ပုံငွေ ငွေကျပ် ၄၀ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များက မြမာလာကျေးရွာရှိ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၂ ဦးအတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၀ ဒသမ ၂ သန်းကို တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး


မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုများရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။


မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ရှမ်းပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

● **ရှေ့ဖုံးမှအဆက်**

(၁၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ MWCDF၊ အိန္ဒိယနိုင်ငံ Barefoot College နှင့် မြန်မာနိုင်ငံ၊ အိန္ဒိယသံရုံးတို့ ပူးပေါင်းပြီးနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာနည်းဖြင့် မီးရရှိစေရေး စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်များ အခွင့်အရေးများ ရရှိစေရေးအတွက် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ပြုစုလေ့ကျင့်ပေးနိုင်ရေးကို အဓိကထားကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် ကောင်းမွန်စွာဆက်ဆံခြင်းစီမံကိန်း (Good Treatment Project) ကိုလည်း အသင်းတည်ထောင်သည့်ကာလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အမျိုးသမီးကော်မတီများ ဖွဲ့စည်းထားရှိရာတွင် ပြည်ထောင်စုအဆင့်မှာသာမက ပြည်ထောင်စုနယ်မြေနေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်(၁၄)ခုနှင့် ခရိုင်(၁၃) ခုတို့တွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်နေပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာ စီမံကိန်း - NSPAW (၂၀၂၃-၂၀၃၂)ကိုဦးဆောင်ကော်မတီ (၁)ရပ်နှင့် လုပ်ငန်းကော်မတီ (၁၂)ရပ်တို့ ဖွဲ့စည်းကာ စီမံကိန်းကိုရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းအနေဖြင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ကလေးသူငယ်များ၏ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ယာယီနေရပ်စွန့်ခွာသူများနှင့် သဘာဝဘေးသင့် ပြည်သူများအတွက် လှူဒါန်းမှုများ၊ ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေ အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအတွက် သက်မွေးသင်တန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို အစီရင်ခံစာများအရသိရှိရပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှု၊ ဒေသအဆင့်ဆင့်တွင်ရှိသည့် အမျိုးသမီးကော်မတီများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းအပါအဝင် အမျိုးသမီး အဖွဲ့အစည်းများအားလုံး၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးကလည်း မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ ပြည့်မီအောင် ယခုထက်ပိုမိုပြီး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာနန္ဒာမွန်းက "ရှေ့သို့လှမ်းချီ အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆီ" ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဆောင်ပုဒ်ဖြစ်သော "လုံခြုံလှပဘဝများ အမျိုးသမီးနှင့် ကလေးများရစေသား" Documentary Movie နှင့် ကောင်းမွန်စွာဆက်ဆံခြင်းမှသည် ပြောင်းလဲခြင်းဆီသို့ ဦးတည်ဆောင်ရွက်သည့် အသင်း၏ လှုပ်ရှားမှုမှတ်တမ်းကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုများရရှိသူနှင့် ရှမ်းပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေးက ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူကို ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူကို ဆုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းပြခန်းနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်းအစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။


မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေး၊ အဖွဲ့ဝင်များက ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

---

နေပြည်တော် ဩဂုတ် ၇

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုကြိုဆိုကာ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ မိုးရာသီအားကစားပြိုင်ပွဲကျင်းပ



ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်ကာ အဖွင့်အမှာစကားပြောကြားသည်။

ဦးစွာဒုတိယဝန်ကြီးက **နိုင်ငံ့လူငယ်များကို ကမ္ဘာ့လူငယ်များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဘဝရပ်တည်မှုခိုင်မာစေရေးအတွက် ပညာရည်မြင့်မားရေးအပြင် ဘက်စုံထူးချွန်ထက်မြက်စေရေး ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ကျောင်းသား အားကစားသမားများမှသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားများဖြစ်သည်အထိ ရည်မှန်းဆောင်ရွက်ကြရန်** တိုက်တွန်းပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသားများက အားကစားသစ္စာအဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကြပြီး ဒုတိယဝန်ကြီးက အင်ဂျင်နီယာဘာသာရပ်အလိုက် ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ ညွှန့်ပေါင်းအကအဖွဲ့နှင့် ဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူအကအဖွဲ့များက အစီအစဉ်အတိုင်း ကပြဖျော်ဖြေကြရာ ဒုတိယဝန်ကြီးက အကအဖွဲ့များကို အဖွဲ့လိုက်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အဖွင့်ပွဲစဉ် ဖူဆယ်ဘောလုံး (ကျား)ပြိုင်ပွဲအဖြစ် Farm Machinery အသင်းနှင့် Civil အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အကြိတ်အနယ်ရှိခဲ့ပြီး တစ်ဖက်လေးဂိုးစီဖြင့် သရေကျသွားသည်။

အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲတွင် ဖူဆယ်ဘောလုံး(ကျား)၊ ဘောလီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်(ကျား/မ) စုစုပေါင်း အားကစားနည်း ငါးမျိုးကို ဩဂုတ်လ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကာ အားကစားသမားပေါင်း ၁၉၇ ဦး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (မဝ)

---

နေပြည်တော် ဩဂုတ် ၇

## ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ဒုတိယဝန်ကြီး ဦးရဲတင့် ကြည့်ရှုစစ်ဆေး



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကာ စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မိတ္ထီလာခရိုင်ရုံးတို့သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ်ရုံးနှင့် ချောက်မြို့နယ်ရုံးတို့သို့လည်းကောင်း ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့အား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများအား မှာကြားရာတွင် လူငယ်များအပါအဝင် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် စာဖတ်သူ၊ စာငှားသူတိုးတက်အောင် စည်းရုံးဆောင်ရွက်ရေး၊ မိမိတို့ကိုယ်တိုင်လည်း စာပေလေ့လာဖတ်ရှုကြပြီး အသိပညာတိုးတက်အောင် ကြိုးစားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Message from Senior General Min Aung Hlaing, Chairman of the State Administration Council, Prime Minister of the Republic of the Union of Myanmar on the Occasion of the 57th Anniversary of the Association of the Southeast Asian Nations

## 8 August 2024

**Esteemed Citizens and the Peoples of ASEAN,**

On this occasion of the 57th ASEAN Day, I have the pleasure to extend my warmest greetings and best wishes to the people of Myanmar and the peoples of the ASEAN Member States. I would also like to extend my best wishes for further success of the Association, in this ever-changing international landscape, and for the continued progress and prosperity of the Region and the peoples.

The ASEAN was born on 8 August 1967, by the wisdom of five founding architects and ASEAN has evolved from an Association to a Community and from regional cooperation to integration. Over fifty-seven years, ASEAN has been successfully materializing the vision of the founding fathers, and becomes one of the most successful inter-governmental organizations in the world. ASEAN acts as a locomotive for peace, stability and prosperity in the region. Despite the challenges during the evolution of the Association, ASEAN responds effectively to challenges and complex geopolitical and socio-economic environments in this region and beyond.

**Esteemed citizens and the Peoples of ASEAN,**

ASEAN continues as a rules-based community of nations committed to the principles and spirit the ASEAN Charter, the Treaty of Amity and Cooperation in Southeast Asia (TAC) and other ASEAN instruments. As ASEAN is people-centered, people-oriented organization, the ASEAN peoples are placed at the heart of our efforts and ensure the meaningful and inclusive participation of all stakeholders in our ASEAN Community-building process. With our concerted efforts, we need to enhance ASEAN centrality and unity, and to strengthen ASEAN's vital role in leading and shaping the regional security architecture.

Amidst the complex and fast-changing geo-political and geo-economic landscapes, the Association needs to be resilient, responsive, well connected and competitive. Therefore, no one can deny that 2024 ASEAN Chairmanship theme, **"ASEAN: Enhancing Connectivity and Resilience"**, is more relevant than ever. Moreover, all Members are working to finalize the ASEAN Community Vision 2045, which aims to fulfill the aspirations of the peoples while maintaining resilient, innovative, dynamic, and People-Centred ASEAN.

In addition, we are addressing the challenges of the supply chain disruption by implementing the Digital Economy Framework Agreement (DEFA) to enhance cross-border e-commerce and digital trade to empower businesses and stakeholders across the Region.

**Esteemed citizens and the Peoples of ASEAN,**

Being a responsible member of the Association, Myanmar continues its cooperation with the ASEAN Member States in ASEAN Community Building process in accordance with the ASEAN Charter. Moreover, Myanmar has been fulfilling legal, financial and functional obligations. From 2021 to 2024, Myanmar has successfully performed its role as the coordinator for ASEAN-China Dialogue Relations. The partnership between ASEAN and China has been broadened and deepened, and contributed to regional peace, stability and prosperity through established important mechanisms across three community pillars under comprehensive agenda. We will continue this momentum in taking over the coordinator-ship for ASEAN-Russia Dialogue Relations from 2024 to 2027.

On this auspicious occasion of the 57th anniversary, ASEAN should further strengthen its unity in creating **One Community** in this corner of the world. While fulfilling the purposes and principles enshrined in the ASEAN Charter, ASEAN Member States need to work together to render constructive support to member countries, in addressing internal matters smoothly.

Creating an ASEAN Community encompassing all the three pillars require full commitments by all member states. These commitments shall form as the cornerstones in the foreign policies of each member state as well as the very foundation of the ASEAN.

In closing, I would like to wish for more peaceful and greater prosperity of the peoples in the region.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

AGRICULTURE

# More than 10,000 acres of lablab bean reaped in Monywa District

Monywa District Agriculture Department stated that a total of 11,192 acres of lablab bean has been harvested in Monywa District of Sagaing Region.

So far, Monywa Township reaped 5,563 acres of lablab bean, Budalin Township 4,303 acres, Ayadaw Township 106 acres and ChaungU Township 1,220 acres, totalling 11,192 acres. The bean yielded 16.26 baskets per acre.

Daw San San Myint, Head of Monywa District Agriculture Department, said: "Monywa District planted 11,192 acres of lablab bean in cold season. At present, all plantations have been harvested. Our department helped local farmers use quality strains of crops, inputs, post-harvest technology and others."

Local farmers started cultivation of lablab bean on 11,192 acres of croplands exceeding the target of 11,072 acres in Monywa District in 2023-2024 financial year.

Relevant township agriculture department educated local farmers to expand sown acreage of lablab bean, to try hard to increase per-acre yield, and use GAP system and high yield strains.

SK

LABOUR

# No deposit refunds for closed overseas employment agencies

The Ministry of Labour stated that the security deposits of overseas employment agencies that were permanently terminated will not be refunded.

Due to various reasons, overseas employment agencies that have been permanently closed by the Ministry of Labour are not allowed to withdraw the licence deposit paid to the department's temporary account.

Licence insurance deposits will be paid to the national treasury in the 2024-2025 financial year.

Foreign employment agencies are required to deposit Ks-25 million for the licence insurance and Ks-5 million for the Thai licence. Currently, there are nearly 600 agencies that have obtained licences to send workers abroad, and nearly 20 agencies have had their licences confiscated, according to the Department of Labour in Nay Pyi Taw. SMK

AGRICULTURE

# Wetlet Township reaps more than 60,000 acres of summer sesame



A total of 66,067 acres of summer sesame has been harvested in Wetlet Township of Sagaing Region, according to Wetlet Township Agriculture Department.

Local farmers stated harvesting of summer sesame in May this year, and they have reaped 66,067 acres of sesame, yielding 17.25 baskets per acre.

"At present, local farmers exceeded the target cultivation. Our department helped them use GAP system. They cost more than Ks-100,000 per are of summer sesame," said Daw Kyin San, Head of Wetlet Township Agriculture Department.

In 2023-2024 summer, the township earmarked cultivation of 50,278 acres of summer sesame but local farmers planted 66,067 acres.

Staff of Township Agriculture Department educated local farmers to use agricultural techniques, GAP system and quality strains of crops.

The crops produced in GAP can fetch good prices in the market. It can be distributed at home and abroad. So, local farmers can earn increased incomes.

SMK

RURAL DEVELOPMENT

# Concrete-paving works of roads being carried out in Inyaung Village, Kyaukse Township

The concrete-paving works of roads being carried out in Inyaung Village in Kyaukse Township of Mandalay Region with the funds of Village Development Planning (VDP) in 2024-2025 FY.

The concrete-paving works of roads in the village are being carried out by the Township Department of Rural Development with Ks-10.0 million of DRD's funds in 2024-2025 fiscal year and funds contributed by local people.

Village development committee will be formed and the roads in the village will be upgraded. Now, the Township Department of Rural Development Committee is closely supervising the development works in the village to meet set standards.

Once completed, the roads bring socio-economic development to local people in the village. SK

COMMERCE

# Myanmar exports over 87,800 tons of fish to international markets from April to July

Myanmar shipped over 87,800 tons of various fish to international markets in the past four months of the current financial year 2024-2025, beginning 1 April, bagging US$-98.48 million, according to the Fisheries Department.

The value of fish exports through maritime trade was estimated at US$-65.75 million, while exports through land borders amounted to US$-32.736 million.

Myanmar exports fishery products to Japan, European countries, China and Thailand through maritime trade channels and also delivers fish, shrimp, prawn and other seafood to neighbouring countries via land borders (Muse, Myawady, Kawthoung, Sittwe, Myeik and Maungtaw).

More than 20 fish species, including hilsa, rohu, catfish, and seabass are shipped to foreign markets, according to the Myanmar Fisheries Federation.Myanmar exports fishery products to over 40 countries, mainly to Thailand and China.

SMK



AGRICULTURE

# More than 2,000 acres of monsoon green gram planted in Myinmu Township

The statistics of Sagaing District Agriculture Department indicated Myinmu Township Agriculture Department has planted 2,398 acres of monsoon green gram.

In 2024-2025 monsoon season, the township earmarked 829 acres of pre-monsoon green gram and 16,609 acres of monsoon green gram but local farmers cultivated 819 acres of premonsoon green gram and 1,579 acres of monsoon green gram, totalling 2,398 acres.

"This year, Myinmu Township earmarked 17,438 acres of premonsoon and monsoon green gram. So far, local farmers have planted 2,398 acres. They are striving for meeting the target cultivation. Our department helps local farmers expand sown acreage and use high yield strains of crops," said Daw Thida Lwin, Head of Sagaing District Agriculture Department.

This year, agricultural staff raised farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, the department provided necessary quality strains of green gram, inputs and post-harvest technology.

SK

BANGLADESH

# 'Banker to the poor' to lead interim government in Bangladesh



Bangladeshi Nobel Peace Prize-winning economist Muhammad Yunus (C).

Nobel Peace Prize-winning economist Muhammad Yunus, known as the "banker to the poor," will head an interim government in Bangladesh following weeks of deadly demonstrations that forced Prime Minister Sheikh Hasina to resign.

President of Bangladesh Mohammed Shahabuddin appointed Yunus, 84, on Tuesday – a day after the country's government was overthrown amid violent protests against discriminatory job quotas. Sheikh Hasina, who resigned as prime minister on Monday, fled to neighboring India.

Yunus, the founder of microfinance lender Grameen Bank, announced on Wednesday that he had agreed to lead the temporary government, answering the call of student protesters.

"When I was contacted on behalf of the students, I didn't agree at first. I told them I have a lot of work to finish. But the students repeatedly requested me," the Daily Star quoted Yunus as saying.

"If the students can sacrifice so much, if the people of the country can sacrifice so much, then I also have some responsibility. Then I told the students that I can take the responsibility," he added.

Born in Bangladesh, Yunus received a Fulbright scholarship to study economics at Vanderbilt University in the US, where he received a PhD in economics. He then became an assistant professor at Middle Tennessee State University before returning to Bangladesh to head the economics department at Chittagong University.

Yunus pioneered the concept of microfinance and jointly received the Nobel Peace Prize with his Grameen Bank in 2006 "for their efforts to create economic and social development from below."

In 2009, Yunus was awarded the US Presidential Medal of Freedom and, in 2013, he was granted the Congressional Gold Medal, the highest civilian award in the US.

The decision to name him chief adviser of the interim government of Bangladesh followed a meeting between the country's president, military, and student leaders. **RT**

NEPAL

# Helicopter crash in Nepal kills pilot, 4 Chinese passengers



This photo taken on August 7, 2024 shows the debris of a helicopter crashed in Nuwakot district of Nepal's Bagmati province.

Four Chinese passengers and the pilot were killed when a helicopter crashed in Nuwakot district of Nepal's Bagmati province on Wednesday afternoon.

"Five people onboard the helicopter including the pilot have been killed. We have collected all the dead bodies," Nepal Police spokesperson Dan Bahadur Karki told Xinhua.

The helicopter belonging to Nepal's Air Dynasty was flying from Kathmandu to Syafrubesi in Rasuwa district when it went down in Nuwakot's Shivapuri, Tilak Bharati, spokesperson for Nuwakot district police, told Xinhua.

The copter with four Chinese passengers aboard lost contact with the control tower in Kathmandu three minutes after taking off, the Civil Aviation Authority of Nepal said in a statement, noting it crashed at 13:54 local time.

The Chinese Embassy in Nepal confirmed that four Chinese nationals were killed in the accident. Nepali Prime Minister KP Sharma Oli has expressed his sadness over the accident.

On July 24, a domestic plane crashed during take-off at the Tribhuvan International Airport in Kathmandu, leaving 18 dead and one injured.

**Xinhua**

LAOS

# Laos to use satellite technology for carbon credit calculation

The Lao government will use advanced AI satellite technology to calculate carbon credits and prevent fraudulent carbon credit data.

This is a significant step under the Reducing Emissions from Deforestation and Forest Degradation (REDD+) initiative, which focuses on reducing emissions from deforestation and forest degradation, Lao News Agency reported on Wednesday.

This technology is crucial for reducing fraud, cutting costs and speeding up processes, reinforcing the Lao commitment to a greener future, said the report.

Setting new standards, the pilot project represents a significant leap forward in carbon credit calculation, establishing new benchmarks for accuracy and transparency.

The goal is to improve how carbon content in forests is measured across Laos and the wider Association of Southeast Asian Nations (ASEAN) region. Constant monitoring ensures that carbon credits maintain their value.

**Xinhua**

PHILIPPINES

# Dengue cases rise in Philippines, 337 deaths reported

The Philippines tallied 128,834 dengue cases with 337 deaths since January this year, the country's Department of Health (DOH) said Wednesday.

Philippine health department Assistant Secretary Albert Domingo said the number of dengue cases recorded from January to July 27 this year was 33 percent higher than that recorded in the same period last year.

Despite the higher number of cases, he said the number of dengue deaths from January to July was lower than in the same period last year.

"(The trend indicates) people seeking early consultation and hospitals doing better case management," Domingo said.

Domingo said four out of the country's 17 regions saw continuously increasing dengue cases in the past six weeks.

Philippine Health Secretary Teodoro Herbosa urged Filipinos to continue searching and destroying containers that allow mosquitos to breed.

Dengue is endemic in the Philippines. Water-borne infectious diseases, including dengue, usually peak at the start of the rainy season from July to October due to fluctuating weather conditions, flooding, and accumulation of contaminated water.

Dengue mosquitos breed in stagnant water, like water-filled containers, and in some plants, such as bananas.

**Xinhua**

NAY PYI TAW August 7

# Associations announce terrorist acts of MNDAA terrorist insurgent group unacceptable, and strongly condemn those acts

Patients including local people, departmental personnel and families of security forces were killed when MNDAA terrorist insurgent group fired short-range rockets, heavy weapons and drones on the military hospital and wards, which were non-military targets, in Lashio, Shan State (North). Terrorists also abducted some of the patients, while some locals had to leave their homes.

Young Men's Buddhist Association (Shan State) and Kokang Literature and Culture Association (Yangon) issues their relevant announcements that the inhuman and barbaric acts of MNDAA terrorist insurgent group, which amount to a war crime, are totally unacceptable and that they strongly condemns those acts. **100**

YOUNG MEN'S BUDDHIST ASSOCIATION (Shan State) -YMBA

Ph ; 09 691 537 777, 09 683 068 308, 09 445 061 334

### Young Men's Buddhist Association (Shan State) condemns MNDAA

**7 August 2024**

Innocent local people, departmental personnel and families of security forces were killed when MNDAA terrorist insurgent group fired short-range rockets, heavy weapons and drones on the military hospital in Lashio, Shan State (North). Terrorists also abducted some of them.

Some of the locals were killed and others had to leave their homes to escape war and their social lived were ruined because of MNDAA terrorist insurgent group's short-range rocket, heavy weapon and drone attacks on non-military residential wards in Lashio.

YMBA (Shan State) strongly condemns the acts of MNDAA terrorist insurgent group to launch terrorist attacks against the military hospital and wards, which were non-military targets, and to use religious buildings for military purpose as such acts are totally intolerable. **Young Men's Buddhist Association (Shan State)**

果敢民族文化分會（仰光）

### Kokang Literature and Culture Association condemns MNDAA

**7 August 2024**

Innocent local people, departmental personnel and families of security forces were killed when MNDAA terrorist insurgent group fired short-range rockets, heavy weapons and drones on home, wards and the military hospital in Lashio, Shan State (North). Terrorists also abducted some of them.

Locals have become displaced persons who lost their homes and whose social lives are ruined as the terrorists are targeting and destroying wards including residential buildings, religious buildings, and hospitals for no apparent reason. In this regard, Kokang Literature and Culture Association of Myanmar issues a statement, saying that the terrorist attacks of MNDAA terrorist insurgent group are totally (totally) unacceptable; and that it censures the attacks.

**Kokang Literature and Culture Association**

BUSINESS

# Labutta transports 76,000 visses of flower crabs to Yangon in June

Up to 76,000 visses of flower crabs were exported from Labutta Township, Labutta District, Ayeyawady Region, to the Yangon market during June, said Daw Ei Ei Htay, the owner of fishery products trading fair in Labutta Township.

Locals from Labutta Township sold only 55,000 tons of flower crabs to the Yangon market in May, and from June 1 to 30, they transported and sold 76,000 tons of flower crabs.

"We have been transporting and selling fishery products from Labutta Township to the Yangon market, including flower crabs. In June, 76,000 tons of flower crabs were transported. Currently, the fishery products produced from here are being bought from the Yangon market in January. The reason they are buying is because there is a domestic demand and a foreign market. Now that the number of buyers is good, the entrepreneurs are doing more business," she said.

Fishery products, including flower crabs from Labutta Township, are being transported to Yangon market.

**SK**

AGRICULTURE

# Kyonpyaw Township growers cultivate 1,429 acres of vegetables

A total of 1,429 acres of vegetables will be planted in Kyonpyaw Township, Kyonpyaw District, Ayeyawady Region in this year's rain crop planting season, said U Kyaw Kyaw, head of Department of Agriculture for Kyonpyaw District.

In the rainy season of this year, 1,429 acres of vegetables will be planted in the first week of July. Staff from the Department of Agriculture will take a field trip in order to plant in full acreage, increase the yield of fruits and produce good quality fruits.

"This year's vegetables will be grown in accordance with the region and most of the vegetables that are available in the market," said he said.

In this year's rain crop planting season in Kyonpyaw Township, 1,429 acres of vegetables were planted, including peppers, cabbage, onions, parsley, turnip, yardlong bean, eggplant, gourd, papaya, water convolvulus, okra, bitter gourd, and hyacinth bean. **SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# HEALTH

## ဒိုပါမင်ကုထုံးက အယ်ဇိုင်းမားရောဂါကိုသက်သာစေ

ဒိုပါမင်ကုထုံးက အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို လျော့ပါးသက်သာစေကြောင်း ဂျပန်သုတေသနပညာရှင်များက တွေ့ရှိထားသည်။

အထူးသဖြင့် ဒိုပါမင်ကုထုံးသည် ဦးနှောက်တွင်ကပ်ငြိနေသော အန္တရာယ်ရှိသည့်ချိုးများကိုပြိုကွဲစေသည့် အင်ဇိုင်းတစ်မျိုးဖြစ်သော နီပရီလစ်ဆင်းထုတ်လုပ်မှုကိုပိုမိုအားပေးခြင်းကြောင့်ဖြစ်သည်။

ဂျပန်နိုင်ငံရှိ RIKEN ဦးနှောက်သိပ္ပံဌာနမှ တာကာအိုမီဆာအီဒိုဦးဆောင်သောအဖွဲ့က အယ်ဇိုင်းမားရောဂါရှိသောကြွက်များဖြင့် အဆိုပါကုထုံးကိုစမ်းသပ်ခြင်းဖြစ်သည်။

ထို့နောက် ဒိုပါမင်ကုထုံးနှင့်ကုသပေးခြင်းသည် အယ်ဇိုင်းမားရောဂါကြောင့်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများကို လျော့ပါးနိုင်စေသည်သာမက မှတ်ဉာဏ်ကိုလည်း တိုးတက်စေသည်ကို တွေ့ရသည်။

ထို့ကြောင့် အဆိုပါကုထုံးကို လူသားများဖြင့်စမ်းသပ်ကြည့်သည့်အခါ အလားတူရလဒ်များရရှိလာပါက ထိုကုထုံးသည် အယ်ဇိုင်းမားရောဂါကိုကုသရန် နည်းလမ်းအသစ်တစ်ခုဖြစ်လာနိုင်သည်။ ဦးနှောက်အတွင်းရှိ နျူရွန်များ၏ပတ်ဝန်းကျင်တွင် ချိုးများစတင်ဖြစ်ပေါ်ခြင်းသည် အယ်ဇိုင်းမားရောဂါ၏ အစောပိုင်းလက္ခဏာများဖြစ်သည်။

ယင်းနောက် ဆယ်စုနှစ်တစ်ခုခန့်ကြာသည့်အခါမှ မှတ်ဉာဏ်ဆုံးရှုံးခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ ခံစားရခြင်းတို့ကိုဖြစ်ပေါ်စေခြင်းဖြစ်သည်။

Ref: STD

K.H



## ကမ္ဘာ့ပထမဆုံး AI အသုံးပြုနားကြားကိရိယာက စကားပြောသံကိုကောင်းစွာခွဲထုတ်ပေးနိုင်

ကမ္ဘာ့ပထမဆုံးအနေဖြင့် AI နည်းပညာအသုံးပြု နားကြားကိရိယာသည် ပြင်ပဆူညံသံများကြားမှ စကားပြောသံကိုကောင်းစွာခွဲထုတ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါကိရိယာကို နားကြားကိရိယာထုတ်လုပ်မှုသက်တမ်း ၇၇ နှစ်ရှိနေပြီဖြစ်သည့် Sonova ကုမ္ပဏီက ထုတ်လုပ်ခြင်းဖြစ်ပြီး လက်တွေ့စမ်းသပ်မှုတွင် အောင်မြင်မှုရရှိထားသည်ဟုဆိုသည်။

အကြားအာရုံဆုံးရှုံးသူများအနေဖြင့် နားကြားကိရိယာများအသုံးပြုရာတွင် ပြင်ပဆူညံသံများနှင့် စကားပြောသံများရောထွေးနေသည့်အသံကိုသာ ကြားခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် Sonova ကုမ္ပဏီက နားကြားကိရိယာများတွင် ဆူညံသံနှင့်စကားပြောသံတို့ကိုခွဲထုတ်ပေးရေးမှာအရေးကြီးကြောင်း သတိပြုမိပြီး ယခုကဲ့သို့ နည်းပညာအကူအညီကိုရယူလိုက်ခြင်းဖြစ်သည်။

Sonova ကုမ္ပဏီ၏နည်းပညာအသစ်သည် အမှန်တကယ်လိုအပ်နေသူများအတွက် သိသာသောပြောင်းလဲမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောထားသည်။

Ref: IE


K.H

# SPACE

## ဗီးနပ်ဂြိုဟ်က ထင်ထားသည်ထက်ပင် ကမ္ဘာဂြိုဟ်နှင့်ပိုတူနေ

ယခင်က မိမိတို့၏ကမ္ဘာဂြိုဟ်နှင့် အနီးစပ်ဆုံးတူညီသည်ဟုယူဆထားသော ဗီးနပ်ဂြိုဟ်(သောကြာဂြိုဟ်)သည် ယခုလေ့လာမှုများအရ ထင်ထားသည်ထက်ပင် ကမ္ဘာဂြိုဟ်နှင့်ပိုတူနေကြောင်းတွေ့ရသည်။

ဗီးနပ်ဂြိုဟ်၏ ကျောက်ချပ်လွှာကြီးများ ရွေ့လျားမှုသည် ကမ္ဘာဂြိုဟ်ကဲ့သို့ မဟုတ်သော်လည်း ပြတ်ရွေ့ကြောများ၊ လွှာတွန့်များ၊ မီးတောင်များသည် ယခင်ကလှုပ်ခတ်ခဲ့ဖူးသည်။



ဗီးနပ်ဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင်တွေ့ရသော ကုန်းပြင်မြင့်များသည် လွန်ခဲ့သောနှစ်ဘီလီယံပေါင်းများစွာတုန်းက ကျောက်ချပ်လွှာလှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ဖူးသည်ကို ယခုသုတေသနအသစ်တွင်တွေ့ရခြင်းဖြစ်သည်။

ယင်းသို့သောလှုပ်ရှားမှုများမှာ ကမ္ဘာပေါ်တွင်လည်းဖြစ်ပေါ်ဖူးပြီး ထိုသို့သောလှုပ်ရှားမှုများကြောင့် ကမ္ဘာ့တိုက်ကြီးများဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကျောက်ချပ်လွှာ ရွေ့လျားမှုနည်းပါးပြီး မျက်နှာပြင်အပူချိန် ၄၆၀ ဒီဂရီစင်တီဂရိတ်အထိမြင့်မားသော ဗီးနပ်ဂြိုဟ်၌ ထိုသို့သောလှုပ်ရှားမှုများဖြစ်ပေါ်ကာ ရှုပ်ထွေးသော ဘူမိဗေဒလက္ခဏာများပိုင်ဆိုင်ထားသည်ကို မျှော်လင့်ထားခြင်းမရှိကြောင်း မိုနာ့တက္ကသိုလ်မှ ဦးဆောင်သုတေသီဖာဘီယိုကာဘီတာနီယိုက ပြောသည်။

ကျောက်ချပ်လွှာကြီးများ ရွေ့လျားမှု၊ ပွတ်တိုက်မှု၊ အထက်အောက်တည်ရှိမှု အစရှိသည့်လှုပ်ရှားမှုများက ဂြိုဟ်တစ်လုံးကို ရုပ်လုံးပေါ်စေခြင်းဖြစ်သည်။ ကမ္ဘာဂြိုဟ်တွင် ထိုသို့သောလှုပ်ရှားမှုများကို မကြာခဏတွေ့ရလေ့ရှိသည်။

ဗီးနပ်ဂြိုဟ်တွင်မူ လှုပ်ရှားမှုအနည်းငယ်သာရှိသော ကျောက်ချပ်လွှာကြီးတစ်ခုသာရှိပြီး ၎င်းနှင့်ပတ်သက်၍ ပညာရှင်များက အမျိုးမျိုးထင်ကြေးပေး ပြောဆိုမှုများရှိခဲ့သည်။

Ref: Space

K.H

## လ၏မြေပေါ်မှ အံ့သြဖွယ်ကောင်းသည့် ဒြပ်ပစ္စည်းတစ်မျိုးကိုတွေ့ရှိ

သိပ္ပံပညာရှင်များသည် လ၏မြေပေါ်မှ အံ့သြဖွယ်ကောင်းသည့် ဒြပ်ပစ္စည်းတစ်မျိုးဖြစ်သော ဂရပ်ဖင်းအချပ်လွှာများ သဘာဝအတိုင်းဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရသည်။

၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံက လွှတ်တင်လိုက်သော ပဉ္စမမြောက်လလေ့လာရေးယာဉ်ဖြစ်သည့် Chang'e-5 ကယူလာသော လ၏မြေသားနမူနာများကို စစ်ဆေးပြီးနောက် သိပ္ပံပညာရှင်များက ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

ဂရပ်ဖင်းဆိုသည်မှာ အက်တမ်အလွှာတစ်ခုတည်းဖြင့် ပျားအုံပုံစံဖြစ်တည်နေသည့် ကာဗွန်တစ်မျိုးဖြစ်သည်။ ဂရပ်ဖင်းကို လျှပ်စစ်ပစ္စည်းများ၊ စွမ်းအင်သိုလှောင်မှု၊ အာရုံခံကိရိယာနှင့် ဇီဝဆေးဝါးတို့တွင် ကောင်းစွာအသုံးချနိုင်သည်။

ယခုကဲ့သို့ လ၏မြေသားနမူနာတွင် ဂရပ်ဖင်းကိုတွေ့ရှိရခြင်းကြောင့် လပေါ်တွင် ကာဗွန်ဓာတ်သတ္တုများရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားသည်။

ထို့ပြင် ယင်းကဲ့သို့တွေ့ရှိမှုသည် လပေါ်၌ဓာတုဓာတ်ပေါင်းများတည်ရှိမှု၊ ဘူမိဗေဒဆိုင်ရာနောက်ထပ်အချက်အလက်များအပြင် လဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ပိုမိုသိရှိနိုင်စေရေးအတွက် ကူညီပေးနိုင်မည်ဟု သုတေသီများက ပြောထားသည်။

Ref: Space

K.H

## နဂါးငွေ့တန်းအတွင်း ဂြိုဟ်များ၏ကြယ်များက သက်ရှိများရှင်သန်ရန် သင့်လျော်ခြင်းမရှိ

နဂါးငွေ့တန်းအတွင်းရှိဂြိုဟ်များ၏ကြယ်များက ယခင်ထင်ထားသည်ထက်ပင် သက်ရှိများရှင်သန်ရန် ပို၍သင့်လျော်ခြင်းမရှိသည်ကို တွေ့ရသည်။

နေထက် ထုထည်နှင့် အရွယ်အစားသေးငယ်သောကြယ်များဖြစ်သည့် အနီရောင်ကြယ်အသေးများသည် အလွန်ပြင်းထန်သော ခရမ်းလွန်ရောင်ခြည်ပေါက်ကွဲမှုများဖြစ်ပေါ်ခြင်းကို ခံစားရသောကြောင့် သက်ရှိများရှင်သန်နိုင်စွမ်း အလွန်ကျဆင်းနေခြင်းဖြစ်သည်ဟု လေ့လာမှုအသစ်တွင် ဖော်ပြထားသည်။



သိပ္ပံပညာရှင်များသည် ၂၀၀၃ ခုနှစ်တွင် စတင်အသုံးပြုပြီး ယခုအခါအနားပေးလိုက်ပြီဖြစ်သည့် NASA ၏ Galaxy Evolution Explorer (GALEX) အဝေးကြည့်မှန်ပြောင်းက ရိုက်ကူးထားသောအချက်အလက်များကို လေ့လာမှုများပြုပြီးနောက် ယခုတွေ့ရှိချက်ကိုထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

GALEX သည် ခရမ်းလွန်ရောင်ခြည်ဖြင့် အနီးရှိကြယ်ပေါင်းသုံးသိန်းနီးပါး၏ အလင်းရောင်ဖြာထွက်မှုကို ရှာဖွေမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကြယ်အနည်းစုသည် ဂြိုဟ်ပေါ်တွင် သက်ရှိများနေထိုင်နိုင်စွမ်းအပေါ် သက်ရောက်မှုရှိစေမည့် အလင်းရောင်ဖြာထွက်မှုမှတစ်ဆင့် လုံလောက်သော ခရမ်းလွန်ရောင်ခြည်များကို ထုတ်လုပ်ပေးနေသည်ဟု ယခင်ကယူဆခဲ့ဖူးသည်။

ယခုအခါ GALEX က ရိုက်ကူးထားသော အချက်အလက်များအရ ထိုသို့သောခရမ်းလွန်ရောင်ခြည်များထုတ်လုပ်ပေးမှုသည် ထင်ထားသည်ထက် ပို၍ပင် အန္တရာယ်များသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

Ref: Space

K.H

ဝါရှင်တန်၊ နိုင်ငံရေး

## ဟားမက်အကြီးအကဲကိုလုပ်ကြံလိုက်သည်ဟု အစ္စရေးက အမေရိကန်ကိုသတင်းပေးခဲ့




ဟားမက်အကြီးအကဲတစ်ဦးဖြစ်သည့် အစ္စမေးဟားနီယေးကိုလုပ်ကြံလိုက်သည်ဟု အစ္စရေးက အမေရိကန်ကိုသတင်းပေးခဲ့ကြောင်း သတင်းအရင်းအမြစ်များက Washington Post သတင်းဌာနကို ပြောသည်။

ဟားမက်အဖွဲ့၏အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် ညှိနှိုင်းရေးမှူးချုပ်ဖြစ်သည့် နိုင်ငံရေးဗျူရိုခေါင်းဆောင် အစ္စမေးဟားနီယေးသည် ပြီးခဲ့သည့်သီတင်းပတ်တွင် အီရန်နိုင်ငံ၌ရှိနေစဉ် လုပ်ကြံခံလိုက်ရခြင်းဖြစ်သည်။

ယင်းသို့ဟားမက်အကြီးအကဲလုပ်ကြံခံလိုက်ရပြီဟူသောသတင်းကိုကြားချိန်တွင် အမေရိကန်တာဝန်ရှိသူများသည် အံ့ဩရသည့်အပြင် စိတ်ဆိုးကြောင်း အမေရိကန်အစိုးရအဖွဲ့နှင့်နီးစပ်သည့်အသိုင်းအဝိုင်းက Washington Post သတင်းဌာနကိုပြောသည်ဟု ထိုသတင်းဌာနက ဩဂုတ်လ ၇ ရက်တွင် ဖော်ပြထားသည်။

အစ္စရေး၏ ထိုကဲ့သို့လုပ်ကြံမှုသည် အမေရိကန်ဦးစီး၍ ဆောင်ရွက်နေသည့် ဂါဇာ၌ အပစ်အခတ်ရပ်စဲရေးလုပ်ငန်း အောင်မြင်မှုရရှိမည့်အခြေအနေကို ဖျက်ဆီးလိုက်ခြင်းဖြစ်သည်ဟု သတင်းအရင်းအမြစ်များကပြောသည်။

ထို့ကြောင့်နောက်ကွယ်တွင်အမေရိကန်နှင့်အစ္စရေးတို့ကြားဆက်ဆံရေးမှာ ပွတ်တိုက်မှုများပင်ဖြစ်ပေါ်နေသည်ဟု အဆိုပါသတင်းအရင်းအမြစ်ကဆက်ပြောသည်။

ထို့ပြင် အစ္စမေးဟားနီယေးလုပ်ကြံခံရပြီးနောက် မကြာမီ အစ္စရေးဝန်ကြီးချုပ်နှင့်အမေရိကန်သမ္မတတို့ကြား တယ်လီဖုန်းပြောဆိုမှုသည် အနည်းငယ်တင်းမာမှုများရှိသည်ဟု အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောထားသည်။

ဟားမက်အကြီးအကဲကိုလုပ်ကြံခြင်းသည် အစ္စရေးနိုင်ငံ၏လက်ချက်ဖြစ်ကြောင်း အီရန်နှင့် ဟားမက်အဖွဲ့တို့ကပြောသော်လည်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ထိုပြောဆိုချက်ကို အတည်ပြုထားခြင်းမရှိသကဲ့သို့ ငြင်းဆိုထားခြင်းလည်း မရှိသည်ကိုတွေ့ရသည်။

အစ္စမေးဟားနီယေးလုပ်ကြံခံရပြီးနောက် ဟားမက်အဖွဲ့က ဟားနီယေး၏နေရာ၌ အောက်တိုဘာလ ၇ ရက်တိုက်ခိုက်မှုကို စီစဉ်သူ ယာယားဆင်းဝါကို ခန့်အပ်လိုက်သည့်အတွက် ဒေသတွင်းတင်းမာမှုများ ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

Ref: RT

မော်စကို၊ စစ်ရေး

## ယူကရိန်း၏တိုက်ခိုက်မှုက ကျူးကျော်ရန်ကြိုးပမ်းခြင်းဟု ပူတင်ပြော



ယူကရိန်းနိုင်ငံက ရုရှားကိုတိုက်ခိုက်ခြင်းသည် ရုရှားနိုင်ငံပိုင် ခု(စ်)ဒေသကို ကျူးကျော်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဩဂုတ်လ ၇ ရက်တွင်ပြောသည်။

ယူကရိန်းတပ်ဖွဲ့များသည် ဒုံးလက်နက်များအပါအဝင် အမျိုးမျိုးသောလက်နက်များဖြင့် အရပ်ဘက်အဆောက်အအုံများ၊ နေအိမ်များ၊ လူနာတင်ယာဉ်များကို အဆင်အခြင်မဲ့ပစ်ခတ်မှုများလုပ်ဆောင်ကြောင်း အစိုးရအဖွဲ့အစည်းအဝေးတွင် ပူတင်ကပြောသည်။

ထိုသို့တိုက်ခိုက်မှုခံရသော ခု(စ်)ဒေသအတွက်အရေးပေါ်ထောက်ပံ့မှုများပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသအုပ်ချုပ်ရေးမှူးအန်ဒရီမီယာနေ့ဇ်နှင့်အမြဲမပြတ်ဆက်သွယ်မှုရယူလျက်ရှိကြောင်း ပူတင်ကဆက်ပြောသည်။

ရုရှားတပ်ဖွဲ့များသည် နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုလုပ်ဆောင်ရန်ကြိုးပမ်းသော ယူကရိန်းတပ်ဖွဲ့များကို ထိခိုက်ဒဏ်ရာများဖြင့်ဆုတ်ခွာသွားအောင် တုံ့ပြန်တိုက်ခိုက်လိုက်နိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ယူကရိန်းတပ်ဖွဲ့များအနေဖြင့် ရုရှားဒေသအတွင်း ခြေကုပ်ရယူရန်ကြိုးပမ်းမှု မအောင်မြင်ခဲ့သည့်အပြင် စစ်သည်ရာပေါင်းများစွာဆုံးရှုံးမှု၊ လက်နက်ကြီးများပျက်စီးမှုတို့နှင့်သာ ရင်ဆိုင်လိုက်ရကြောင်း ရုရှားစစ်ဘက်ကပြောသည်။

Ref: RT

ဘန်ကောက်၊ ပြည်တွင်းရေး

## ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အတိုက်အခံ MFP ပါတီကိုဖျက်သိမ်း

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက အတိုက်အခံပါတီဖြစ်သည့် Move Forward Party–MFP ပါတီကို ဩဂုတ်လ ၇ ရက်တွင် ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

MFP ပါတီသည် ထိုင်းနိုင်ငံ၏တော်ဝင်မိသားစုကို အသရေဖျက်ခြင်းနှင့် ပတ်သက်သည့် ဥပဒေတစ်ခုကိုပြင်ဆင်ရန် ကြိုးပမ်းပြီး ထိုသို့ကြိုးပမ်းမှုက ဖွဲ့စည်းပုံအခြေခံဥပဒေကိုချိုးဖောက်ရာရောက်ကြောင်း ခုံရုံး၏ဆုံးဖြတ်ချက်တွင်ဖော်ပြထားသည်။

MFP ပါတီကိုဖျက်သိမ်းရေးအတွက် အမိန့်ချမှတ်ရန်မဲခွဲရာတွင် ခုံရုံး၌ပါဝင်သည့် တရားသူကြီးများအားလုံးက ကန့်ကွက်သူမရှိ သဘောတူသည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ပါတီ၏အမှုဆောင်များကို ၁၀ နှစ်တိုင်တိုင် နိုင်ငံရေးမလုပ်ရန်လည်း တားမြစ်လိုက်သည်။

MFP ပါတီအနေဖြင့် တော်ဝင်စော်ကားမှုဥပဒေကိုပြင်ဆင်ရန် စည်းရုံးရေးများ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်မှုသည် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဘုရင်စနစ်အုပ်ချုပ်မှုကို ပျက်ပြားစေရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ခုံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Ref: Xinhua

### သတင်းတိုကဏ္ဍ

## နီပေါ၌ရဟတ်ယာဉ်ပျက်ကျ၊ လေယာဉ်မှူးနှင့် ခရီးသည်လေးဦးစလုံးသေဆုံး

နီပေါနိုင်ငံ ဘက်မာတီပြည်နယ်၌ ဩဂုတ်လ ၇ ရက်မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်မှူးနှင့် ခရီးသည်လေးဦးစလုံး သေဆုံးသွားကြောင်းသိရသည်။

ခရီးသည်လေးဦးမှာ တရုတ်နိုင်ငံသားများဖြစ်ပြီး သေဆုံးသူများ၏ရုပ်အလောင်းများကို ရရှိထားပြီးဖြစ်သည်ဟု နီပေါရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒန်ဘဟာဒါခါခီကပြောသည်။

အဆိုပါရဟတ်ယာဉ်သည်ခတ္တမန္ဒူမြို့မှ ဆရာဖရူဘေဆီမြို့သို့ပျံသန်းစဉ် မွန်းလွဲ ၁ နာရီ ၅၄ မိနစ်တွင် ရှီဝါပူရီ၌ ပျက်ကျခြင်းဖြစ်ကြောင်း နူဝါကော့ခရိုင်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ဇူလိုင်လ ၂၄ ရက်တွင်လည်း ပြည်တွင်းလေကြောင်းလိုင်းမှလေယာဉ်တစ်စင်း လေဆိပ်မှထွက်ခွာစဉ် တိုက်မိမှုကြောင့် လူ ၁၈ ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။ Ref: Xinhua

## ဖိလစ်ပိုင်၌သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၃၃၇ ဦးအထိမြင့်တက်

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ဇန်နဝါရီလမှစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၂၈၈၃၄ ဦးအထိရှိလာစဉ် သေဆုံးသူဦးရေမှာ ၃၃၇ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၇ ရက်တွင် ထုတ်ပြန်သည်။

ဇန်နဝါရီလမှ ဇူလိုင်လ ၂၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက်သည် ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၃၃ ရာခိုင်နှုန်းမြင့်တက်လာသည်ဟု ဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် အယ်ဘာ့ဒိုမင်ဂိုက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက်မြင့်တက်လာသော်လည်း ထိုရောဂါကြောင့် သေဆုံးသူဦးရေမှာမူ ပြီးခဲ့သည့်နှစ်ကထက် ကျဆင်းလာသည်။

ထိုသို့သေဆုံးသူကျဆင်းလာခြင်းသည် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိဖြင့် ဆေးကုသခြင်းခံယူမှု များပြားလာခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

Ref: Xinhua

## ကယ်လီဖိုးနီးယားတောင်ပိုင်း၌ တောမီးကြောင့် အိမ်ခြေပေါင်းများစွာပျက်စီးဆုံးရှုံး

ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ လျင်မြန်စွာကူးစက်လောင်ကျွမ်းသည့် တောမီးကြောင့် အိမ်ခြေပေါင်းများစွာ ပျက်စီးဆုံးရှုံးသွားကြောင်းသိရသည်။

အဆိုပါတောမီးသည် ဩဂုတ်လ ၅ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီခွဲတွင် ဆန်ဘာနာဒီနိုစီရင်စုရှိ ဘီဗာလီဒရိုက်ရပ်ကွက်၌ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။

ထိုတောမီးလောင်ကျွမ်းမှုကိုဩဂုတ်လ ၆ ရက်မှသာ မီးသတ်တပ်ဖွဲ့က အောင်မြင်စွာငြိမ်းသတ်လိုက်နိုင်သည်ဟု တာဝန်ရှိသူများကပြောသည်။

ယင်းတောမီးကြောင့် ဩဂုတ်လ ၆ ရက်နံနက်ပိုင်းအထိ မီးလောင်ကျွမ်းမှုဧရိယာသည် ၅၄ ဧကရှိကြောင်း မီးသတ်တပ်ဖွဲ့က လူမှုကွန်ရက်တွင်တင်ထားသည်။

Ref: Xinhua

## ဗြိတိန်ရဲတပ်ဖွဲ့က နောက်ထပ်ဆူပူအုံကြွမှုများကို ထိန်းသိမ်းရန်ပြင်ဆင်

ဗြိတိန်ရဲတပ်ဖွဲ့က နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် ဒုက္ခသည်စခန်းများနှင့် လူဝင်မှုကြီးကြပ်ရေးရုံးနေရာများကိုပစ်မှတ်ထားသော ဆူပူအုံကြွမှုများကိုထိန်းသိမ်းရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

တစ်ချိန်တည်းမှာပင် ထိုဆူပူအုံကြွမှုများ၌ပါဝင်သူများကို အပြစ်ပေးနိုင်ရေးအတွက် မြန်မြန်ဆန်ဆန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ပြောထားသည်။

အင်္ဂလန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆောက်ပေ့ါမြို့၌ ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက မိန်းကလေးငယ်သုံးဦးကို အသက်သေဆုံးစေသည်အထိ ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝန်း၌ ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုအခြေအနေကို ထိန်းသိမ်းနိုင်ရေးအတွက် ဆန္ဒပြမှုများတွင်ပါဝင်သူများကို နှစ်ရှည်ထောင်ဒဏ်များအပါအဝင် ပြင်းထန်စွာအပြစ်ပေးသွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ကပြောထားသည်။

Ref: RTA

နေပြည်တော် ဩဂုတ် ၇

# (၃၆)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို “အစေ့ထုတ်ပြောင်း သီးနှံတန်ဖိုးကွင်းဆက်မြှင့်တင်ရေး” ခေါင်းစဉ်ဖြင့်ကျင်းပ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လစဉ်ဗုဒ္ဓဟူးနေ့များ၌ ကျင်းပလျက်ရှိသည့်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းတွင် (၃၆)ကြိမ်မြောက် ကျင်းပရာ သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ၊ အစေ့ထုတ်ပြောင်းသီးနှံကျွမ်းကျင်သူများက “အစေ့ထုတ်ပြောင်းသီးနှံတန်ဖိုး ကွင်းဆက်မြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သဖြင့် ယခုဆွေးနွေးပွဲတွင် ကဏ္ဍစုံရှုထောင့်စုံမှ ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ လက်ရှိ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ထုတ်လုပ်မှုတိုးမြှင့်ရေး၊ အစေ့ထုတ်ပြောင်းတန်ဖိုးကွင်းဆက်တစ်ခုအဖြစ်ပါဝင်သည့် မွေးမြူရေးအစာကဏ္ဍ၊ ဈေးကွက်လိုအပ်ချက်နှင့် ထုတ်လုပ်မှု၊ တန်ဖိုးမြင့်ကုန်စည်အနေဖြင့် ထုတ်လုပ်မှုအခြေအနေ၊ အားနည်းချက်အားသာချက်များကို လေ့လာသုံးသပ်ခြင်း၊ အစေ့ထုတ်ပြောင်းတန်ဖိုးကွင်းဆက်ဆိုင်ရာ သုတေသနဆောင်ရွက်မှု၊ မွေးမြူရေးတိရစ္ဆာန်အစာနှင့်ဆက်စပ်သုတေသနများ၊ လုပ်ငန်းရှင်များ၏အစေ့ထုတ်ပြောင်းဆိုင်ရာ ကြုံတွေ့ရမှု အချက်အလက်များအပေါ် ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်း ၁၅၀ ကျော်တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၊ အစေ့ထုတ်ပြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူများက အွန်လိုင်းစနစ်ဖြင့်ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

နေပြည်တော် ဩဂုတ် ၇

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေလွှဲပေါက်များနှင့် ရေတံခါးများ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းရှိ ရေလွှဲပေါက်များမှ ရေထုတ်နုတ်မှုနှင့် ပဲခူး-စစ်တောင်းတူးမြောင်း၏ အဓိက ရေလွှဲပေါက်ဖြစ်သော တာမိုင်(၆/၂)ရှိ ပုဂံညောင်ပင် ရေလွှဲပေါက် ရေလွှဲထုတ်နုတ်မှုတို့ကို ဩဂုတ်လ ၅ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အလားတူ ပဲခူး-စစ်တောင်းတူးမြောင်း တာမိုင် (၁/၄) တွင်တည်ဆောက်ထားသော အကျယ် ၅ ဒသမ ၅ ပေ ရေထွက်ပေါက် ၃၄ ပေါက်ရှိ ကျိုက်ပဒိုင်ရေလွှဲပေါက်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ နွေစပါးကို နှစ်သီးစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ကျိုက်ပဒိုင်ကွင်းဒေသ၌ ပထမနွေစပါး စောစောစိုက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ရေတံခါးများကို ထိန်းညှိ၍ ရေထုတ်နုတ်ခြင်းအား အချိန်ကိုက်ဆောင်ရွက်နိုင်ရေး၊ တောင်သူများကို အကြံပြုဆွေးနွေးမှာကြားသည်။

ကျိုက်ပဒိုင် ရေလွှဲပေါက် လွှဲထုတ်ရေများသည် အောက်ဘက် ၁၀ မိုင်ခန့်အကွာရှိ ပဲခူးမြစ် အရှေ့ဘက်ကမ်းပေါ်တွင် တည်ဆောက်ထားသော အကျယ် ၆ ပေ ရေတံခါး ၃၇ ပေါက်ရှိသော ပိုင်ကျုံရေထိန်းတံခါးမှတစ်ဆင့် ပဲခူးမြစ်အတွင်းသို့ တိုက်ရိုက်ရေထုတ်လွှတ်လျက်ရှိသည်။

ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှု သက်သာစေရေးနှင့် ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုလျော့ကျခြင်း မဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်စဉ် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ပဲခူးမြစ်ရေကြီးမြင့်မှုကြောင့် ရေကြီးနစ်မြုပ်လျက်ရှိသော စိုက်ပျိုးမြေများ အမြန်ပြန်လည်ပေါ်လာစေရေး၊ ပဲခူး-စစ်တောင်းတူးမြောင်းအဆုံးရှိ တာဝရေတံခါး (Tawa Lock Gate) မှ တူးမြောင်းရေများလျှော့ချခြင်းကို ဂရုပြုစီမံဆောင်ရွက်ရန်နှင့် လိုအပ်သောကူညီပံ့ပိုးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

နေပြည်တော် ဩဂုတ် ၇

# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကျင်းပ



လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်စေရေးနှင့် နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ပေါ်လာစေရေး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း"တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် စာရေးဆရာမ ဒေါ်သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က "ရသစာပေဖတ်စေချင်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားသမားများက ဂျူဒိုအားကစားနည်းသရုပ်ပြတင်ဆက်မှုနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများက Fitness Dance ဖြင့် ဖျော်ဖြေခဲ့ကြကာ ဉာဏ်စမ်းပဟေဠိများ ဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အားကစားပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ CAE ကိုယ်ပိုင်အထက်တန်းကျောင်းကြီးကြပ်အုပ်ချုပ်သူနှင့် စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)တို့က လက်ခံရယူကြပြီး သရုပ်ပြအဖွဲ့များနှင့် ဉာဏ်စမ်းပဟေဠိဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုလက်ဆောင်များ ပေးအပ်ကြသည်။

(၅၀၀)

ကန့်ဘလူ ဩဂုတ် ၇

# ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၇၁၂၃ ဧကစိုက်ပျိုးပြီးစီး

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူမြို့နယ်၌ မိုးစပါး ၁၄၂၅၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ဩဂုတ်လ ၇ ရက်တွင် ၇၁၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်ကန့်ဘလူမြို့နယ် မိုးသီးနှံစိုက်ပျိုးချိန်မှာ မိုးစပါးဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်တယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ စပါးသီးနှံစိုက်ပျိုးချိန်မှာ အထွက်ကောင်းမျိုးတွေ စိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးနေတယ်။ စပါးတွေ အရည်အသွေးကောင်းမွန်စွာထွက်ရှိဖို့ အဓိကထားဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ကပြောသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ကန့်ဘလူမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေ၊ မိုးကောင်းသောက်ရေတို့ဖြင့် စိုက်ပျိုးကြပြီး ရောမင်း၊ ရွှေဘိုပေါ်ဆန်း၊ ရွှေဝါထွန်းနှင့်ဒေသမျိုးများကို စိုက်ပျိုးကြပြီး ရောမင်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၉)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော် ဩဂုတ် ၇

## ရေစကြိုမြို့နယ်၊ ကိုရင့်ကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသား

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကိုရင့်ကျေးရွာကို ဩဂုတ်လ ၆ ရက်နေ့က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၃ လုံး မီးလောင်ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ်လ ၆ ရက်နေ့က ရေစကြိုမြို့နယ်၊ ကိုရင့်ကျေးရွာအတွင်း PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ၎င်းတို့လက်နက်ဝယ်ယူရန်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းခွဲပေးဆောင်ရမည်ဟု ကျေးရွာနေပြည်သူများထံမှ အဓမ္မကောက်ခံနေကြောင်းကို ၎င်းတို့အား အားပေးထောက်ခံခြင်းမရှိသည့် ကျေးရွာသားများမှ သတင်းပေးပို့ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာအတွင်း နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ နေအိမ်များကို မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူများထံမှ အဓမ္မငွေကြေးကောက်ခံနေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကိုဖုံးကွယ်ကာ တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။


(၁၀၀)

နေပြည်တော် ဩဂုတ် ၇

## တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်သူများ သေဆုံးပြီး နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်ဟု သတင်းအမှားများ ရေးသားဖြန့်ဝေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့အား ဇူလိုင်လအတွင်း တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၁၃ ဦး သေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်နှင့် စဥ့်ကူးမြို့နယ်တို့ရှိ ကျေးရွာများကိုလည်း တပ်မတော်မှ ဩဂုတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများသေဆုံးပြီး စာသင်ကျောင်း၊ ဆေးရုံနှင့် ဈေးဆိုင်များ ပြိုကျပျက်စီးခဲ့ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်နေသည့်ကာလအတွင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူလူထု၏သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာများကိုသာ ပစ်မှတ်ထား၍ အကြမ်းဖက်မှု နှိမ်နင်းရေးကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

သို့သော် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက နိုင်ငံတကာမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် ဖြစ်စဉ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဩဂုတ် ၇

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "NWE NI LIN" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အမှတ် (၅)ရပ်ကွက်နေ နွယ်နွယ်လင်းအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် သုံးခွမြို့မရဲစခန်း၌ တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ရန်ကုန်၊ စီးပွားရေး

# ရန်ကုန်မြို့ရှိ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် သုံးသိန်းကျော် ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ရေငန်ငါးအမျိုးအစားပေါင်း ၁၀၀ ခန့် ဝင်ရောက်လျက်ရှိသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန်များမှထွက်ရှိသော ရေချိုငါးအမျိုးအစားပေါင်း ၃၀ ကျော်လည်း နေ့စဉ်ပုံမှန်ဝင်ရောက်ပြီး တစ်ရက်လျှင် ရေထွက်ကုန် ပိဿာချိန် သုံးသိန်းကျော် ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ ဈေးတာဝန်ခံ ဦးသန်းနိုင်၏ ပြောကြားချက်အရ သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လဆန်းပိုင်းကစပြီး ရွှေပိတောက်ငါးဈေးကို ပင်လယ်ပြင်ကထွက်ရှိတဲ့ ငါးပုဏ္ဏား၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ပုစွန်၊ ရွှေငါး၊ ငါးမျက်ဆန်ကျယ်စတဲ့ ငါးတွေအပါအဝင် ရေငန်ငါးအမျိုးအစားတော်တော်များများ ပြန်လည်ဝင်ရောက်လာပါတယ်။ ရေချိုငါးအနေနဲ့ကတော့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့က မွေးမြူရေးကန်တွေကနေထွက်ရှိတဲ့ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်းအပါအဝင် မွေးမြူရေးငါးတွေ နေ့စဉ်ပုံမှန်ဝင်ရောက်နေပါတယ်"ဟု ဦးသန်းနိုင်ကပြောသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် သုံးသိန်းကျော် ဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ ရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး မှတ်ပုံတင်ထားသည့်ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပွဲကျဈေးဆိုင်ခန်းပေါင်း ၁၉၀ ခန့် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။



အဆိုပါ ဈေးသန့်ရှင်းရေးအတွက် ရေစုကန်၊ ရေကားနှင့် အမှိုက်ကားတို့ စီစဉ်ထားပြီး သက်ဆိုင်ရာဝန်ထမ်းများက တစ်ရက်လျှင် နှစ်ကြိမ် ဈေးသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဈေးလုံခြုံရေးအတွက်လည်း CCTV ကင်မရာ ၁၄၁ လုံးတပ်ဆင်ကာ တာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိသည့် အပြင် လုံခြုံရေးဝန်ထမ်းများကိုလည်း နေ့၊ ညမပြတ် တာဝန်ချထားကြောင်း သိရသည်။ **ဆောင်းဦး**

မုံရွာ၊ ယဉ်ကျေးမှု

# မုံရွာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ မြန်မာအက အခြေခံသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာတက္ကသိုလ်၌ မြန်မာအက အခြေခံသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၆ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မုံရွာတက္ကသိုလ် အနုပညာအသင်း နာယက ခေတ္တပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်းနှင့်အတူ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားကို သင်တန်းသူများက မင်းကောင်းမင်းမြတ်တို့၏နှလုံး သားသီချင်းဖြင့် တေးသရုပ်ဖော်ကပြဖျော်ဖြေဖွင့်လှစ်ကြသည်။

ရှေးဦးစွာ မုံရွာတက္ကသိုလ် အနုပညာအသင်းနာယက ခေတ္တပါမောက္ခချုပ် ဒေါက်တာသန်းသန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာအက အခြေခံသင်တန်း၌ ဆုရရှိသူများကို မုံရွာတက္ကသိုလ် အနုပညာအသင်း နာယက ခေတ္တပါမောက္ခချုပ်ဒေါက်တာ သန်းသန်းဝင်းက ဆုများကိုလည်းကောင်း၊ မြန်မာအက အခြေခံသင်တန်း၏ အကနည်းပြဆရာမများကို ဒုတိယပါမောက္ခချုပ်ဒေါက်တာ ထွန်းဝင်းက ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ မြန်မာအက အခြေခံသင်တန်းသူ ဆရာမများကို အနုပညာအသင်း နာယက ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်နွဲ့အေးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ မြန်မာအက အခြေခံသင်တန်း ကျောင်းသူများကို အနုပညာအသင်း ဒုတိယဥက္ကဋ္ဌ ရူပဗေဒဌာန ပါမောက္ခဒေါက်တာ ဒေါ်တင်အေးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အဆိုယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင် သင်တန်းသား၊ သင်တန်းသူများ၊ အကသင်တန်းသူများက တေးသီချင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ သင်တန်းသူများနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အင်းတော်၊ စိုက်ပျိုးရေး

# အင်းတော်မြို့နယ်၌ မိုးစပါး ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အင်းတော်မြို့နယ်၌ မိုးစပါး ဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

''ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်မှာ မိုးစပါးဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးကို ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်တို့နဲ့ စိုက်ပျိုးကြတာဖြစ်ပါတယ်။ မိုးကောင်းသောက်နဲ့ အများစုစိုက်ပျိုးကြတာပါ။ မိုးကောင်းသောက်ကတော့ မိုးအခြေအနေကိုကြည့်ပြီး စိုက်ပျိုးကြတာပါ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးချိန်မှာ အထွက်ကောင်းမျိုးတွေ စိုက်ပျိုးနိုင်ဖို့၊ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့နဲ့ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေဖို့အတွက်လည်း ဆောင်ရွက်ပေးပါတယ်။ အရည်အသွေးကောင်းစပါးတွေထွက်ရှိဖို့ အဓိကထားဆောင်ရွက်နေပါတယ်''ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်ကပြောသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက အင်းတော်မြို့နယ်၌ မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ စိုက်ပျိုးရာသီပြီးဆုံးချိန်တွင် ၅၅၇၉၅ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ်တွင် အင်းတော်မြို့နယ်၌ မိုးစပါး စိုက်ပျိုးမှုကို ဇွန်လမှစတင်၍ ပျိုးထောင်စိုက်ပျိုးပြီး စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်ကာ မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ(၃)၊ ရောမင်း၊ လုံးသွယ်မွှေးနှင့် ဒေသမျိုးများကို စိုက်ပျိုးကြကာ ဆင်းကေရီ(၃)ကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်း မိုးစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)



# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




**ပျောက်ဆုံးကြောင်း**

ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာအလယ်လမ်း၊ အမှတ်(၂၉၂) နေ ဘိုဘိုထွန်း(ဘ)ဦးလှမြင့် ၁၂/ပဘတ(နိုင်)၀၃၉၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၆၆၃၄၀**

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာနေ အေးငြိမ်းသူ(ဘ)ဦးကျော်ထွန်းလင်း ၇/သနပ(နိုင်) ၁၄၇၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 463709)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၂၂၄၀၀၈**

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အောက်ကျောက်ဝပ်ရွာနေ ဒေါ်ယုယုထွေး(ဘ)ဦးငွေဝင်း ၆/လလန(နိုင်) ၁၀၃၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက် မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၈၇၉၁၈၁**

**အမည်မှန်**

အမက(၈၉)ထန်းကုန်း၊ ပုသိမ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-4 မှ မခတ္တာချို၏မိဘ ဦးကြည်ရှိန်နှင့်ဒေါ်တင်ဇာမိုးတို့၏ အမည်မှန်မှာ ဦးဇော်မင်းခိုင် ၁၄/ပသန(နိုင်)၁၉၂၃၉၇ နှင့် ဒေါ်တင်ဇာဦး ၁၄/ပသန (နိုင်)၂၁၃၃၉၂ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းခိုင်-ဒေါ်တင်ဇာဦး**

ကျိုက်ထို ဩဂုတ် ၇

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၆ ရက်က ကျိုက်ထိုမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင် ဦးတင်ထွေးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွဋ်အောင်တို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ကျင်းပပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေရေး ဆွေးနွေးပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ Grade-12 ကျောင်းသူ မသင်းပြည့်ပြည့်အေးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade-11 ကျောင်းသူ မမေသဇင်ဦး၊ Grade-10 ကျောင်းသူ မသဇင်ဝင်းထွဋ်၊ Grade-10 ကျောင်းသား မောင်အောင်ပြည့်ဖြိုးတို့က အောင်မြင်မှုပန်းတိုင်ဆီသို့၊ လူငယ်နှင့်အောင်မြင်မှု၊ တိုးတက်၊ အောင်မြင်၊ ပျော်ရွှင်ငြိမ်းချမ်းခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။


ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

နေပြည်တော် ဩဂုတ် ၇

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | |
|---|---|---|---|
| ငပုတော | ၅ ဒသမ ၃၁ လက်မ | မြစ်ကြီးနား | ၃ ဒသမ ၀၇ လက်မ |
| အိမ်မဲ | ၄ ဒသမ ၁၇ လက်မ | ဇလွန် | ၂ ဒသမ ၉၉ လက်မ |
| ကန့်ဘလူ | ၃ ဒသမ ၃၈ လက်မ | ကျောင်းကုန်း | ၂ ဒသမ ၉၅ လက်မ |
| လပွတ္တာ | ၃ ဒသမ ၃၁ လက်မ | ကန်ကြီးထောင့် | ၂ ဒသမ ၈၈ လက်မ |

### မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ငပုတော | (၅.၃၁)လက်မ |
| အိမ်မဲ | (၄.၁၇)လက်မ |
| ကန့်ဘလူ | (၃.၃၈)လက်မ |
| လပွတ္တာ | (၃.၃၁)လက်မ |
| မြစ်ကြီးနား | (၃.၀၇)လက်မ |
| ဇလွန် | (၂.၉၉)လက်မ |
| ကျောင်းကုန်း | (၂.၉၅)လက်မ |
| ကန်ကြီးထောင့် | (၂.၈၈)လက်မ |
| ဓနုဖြူ | (၂.၈၀)လက်မ |
| သာယာဝတီ | (၂.၄၄)လက်မ |
| မြောင်းမြ | (၂.၄၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၄ |
| ရှမ်း(မြောက်) | ၂၀ | ၃၀ |
| ရှမ်း(အရှေ့) | ၂၃ | ၃၂ |
| ရှမ်း(တောင်) | ၁၉ | ၂၆ |
| ချင်း | ၁၄ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၆ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၈ |
| နေပြည်တော် | ၂၄ | ၃၁ |
| မန္တလေး | ၂၇ | ၃၅ |
| မကွေး | ၂၅ | ၃၅ |
| ရခိုင် | ၂၂ | ၂၉ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၂ | ၂၈ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၂ | ၂၉ |

မန်ချက်စတာ၊ ဘောလုံး

# မန်ယူအသင်းက အသစ်ခေါ်ယူထားသည့် တိုက်စစ်ကစားသမား ဂျိုရှူအာဇက်ဇီး လာမည့်ဘောလုံးရာသီတွင် ကျောနံပါတ်(၁၁)ဝတ်ဆင်ကစားမည်

မန်ယူအသင်းက လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသစ်ခေါ်ယူထားသည့် တိုက်စစ်ကစားသမား ဂျိုရှူအာဇက်ဇီးအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ကျောနံပါတ်(၁၁)ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း မန်ယူအသင်းက အတည်ပြုကြေညာခဲ့သည်။

အသက် ၂၃ နှစ်အရွယ် ဂျိုရှူအာဇက်ဇီးသည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုလော့ဂ်နာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး နယ်သာလန်အသင်းနှင့်အတူ ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ပါဝင်ကစားထားသည့်အတွက် လက်ရှိတွင် မန်ယူအသင်းနှင့်ပူးပေါင်းနေပြီဖြစ်သော်လည်း အသင်းနှင့်ခြေစမ်းပွဲများတွင် ပါဝင်ကစားခြင်းမရှိသေးဘဲ လာမည့် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲအဖြစ်ကစားမည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်မှသာ စတင်ပါဝင်ကစားနိုင်ဖွယ်ရှိနေသည်။



မန်ယူအသင်းတွင် ကျောနံပါတ်(၇)၊ ကျောနံပါတ်(၉) တို့ကဲ့သို့ ကျောနံပါတ်(၁၁)သည်လည်း ရိုင်ယန်ဂစ်ကဲ့သို့ ဂန္ထဝင်ကစားသမားတစ်ဦး ဝတ်ဆင်ကစားခဲ့သည့် ကျောနံပါတ်ဖြစ်ပြီး ရိုင်ယန်ဂစ်ပြီးနောက် ကျောနံပါတ် (၁၁)ကို လူငယ်ကစားသမား ဂရင်းဝုဒ်က ဝတ်ဆင်ကစားခဲ့သည်။

သို့သော် ဂရင်းဝုဒ်သည် ၂၀၂၂ ခုနှစ်က အမှုရင်ဆိုင်ခဲ့ရပြီး မန်ယူအသင်းတွင် ပါဝင်ကစားခွင့်မရရှိတော့ဘဲ အသင်းပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက ကျောနံပါတ်(၁၁)ကို အတ္တလန္တာအသင်းမှပြောင်းရွှေ့လာသည့် တိုက်စစ်ကစားသမား ဟိုက်လန်းက ဝတ်ဆင်ကစားခဲ့သည်။

မန်ယူအသင်းမှ ကျောနံပါတ်(၉)ဝတ်ဆင်ကစားခဲ့သည့် မာရှယ် အသင်းမှထွက်ခွာခဲ့သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ဟိုက်လန်းက ကျောနံပါတ် (၁၁)အစား ကျောနံပါတ်(၉)ကို ပြောင်းလဲဝတ်ဆင်ကစားမည်ဖြစ်သည့်အတွက် ကျောနံပါတ်(၁၁)မှာ လစ်လပ်နေသောကြောင့် လာမည့်ဘောလုံးရာသီတွင် ကျောနံပါတ်(၁၁)ကို ဂျိုရှူအာဇက်ဇီးက ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref;Manchester Evening News*

## နွေရာသီ ကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ဘရိုက်တန်အသင်းက ဒေါ့မွန်အသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ခံစစ်ကစားသမား မက်ဟမ်မဲလ်ကို ခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

■ လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားဖြည့်တင်းမှုများ ပြုလုပ်နေသည့် ဝက်စ်ဟမ်းအသင်းသည် ဘတ်တစ်အသင်းကစားသမား ရိုဒရီဂွက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

■ ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည့် တိုက်စစ်ကစားသမား စကာမာကာ၏နေရာ၌ အစားထိုးရန်အတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်ကစားသမားမာရှယ်ကိုခေါ်ယူရန် အတ္တလန္တာအသင်းက ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

■ အက်သလက်တီကိုအသင်းက ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂယ်လာဟာကို ပြောင်းရွှေ့ကြေး ယူရို ၄၂ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

■ မန်ယူအသင်းက ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းကစားသမားအူဂါတီအား ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

ပဲရစ်၊ ဘောလုံး

# အိုလံပစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မော်ရိုကိုအသင်းတိုက်စစ်ကစားသမား ရာဟီမီ မှတ်တမ်းဝင်

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မော်ရိုကိုအသင်းတိုက်စစ်ကစားသမား ရာဟီမီသည် အသင်းနှင့်အတူ ငါးပွဲဆက်ဂိုးသွင်းယူနိုင်ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ရာဟီမီသည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် မော်ရိုကိုအသင်း၌ သက်ကြော်ကစားသမားတစ်ဦးအဖြစ် ဟာကီမီနှင့်အတူ ပါဝင်လာပြီးနောက် ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းဖြစ်သည်။

ရာဟီမီသည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ၌ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် အာဂျင်တီးနားအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး၊ ယူကရိန်းအသင်း၊ အီရတ်အသင်းတို့နှင့်ပွဲစဉ်တွင် တစ်ဂိုးစီသွင်းယူနိုင်သကဲ့သို့ ကွာတားဖိုင်နယ်အဆင့်ကစားသည့် အမေရိကန်အသင်းနှင့်ပွဲစဉ်နှင့် ဆီမီးဖိုင်နယ်အဆင့်ကစားသည့် စပိန်အသင်းနှင့်ပွဲစဉ်တို့တွင်လည်း တစ်ဂိုးစီသွင်းယူနိုင်သည့်အတွက် အိုလံပစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ရာဟီမီသည် လက်ရှိ ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ၌ အသင်းနှင့်အတူ ငါးပွဲဆက်ဂိုးသွင်းယူနိုင်ပြီး မှတ်တမ်းကောင်းကိုရရှိခဲ့သည့်အပြင် သွင်းဂိုးအများဆုံးကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

*Ref;Goal*

မက်ဒရစ်၊ ဘောလုံး

# အက်သလက်တီကိုအသင်းက မန်စီးတီးအသင်း တိုက်စစ်ကစားသမား အယ်ဗာရက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၉၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

အက်သလက်တီကိုအသင်းက မန်စီးတီးအသင်း တိုက်စစ်ကစားသမား အယ်ဗာရက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၉၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အက်သလက်တီကိုအသင်းက အယ်ဗာရက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၉၅ သန်းဖြင့်ခေါ်ယူရန် ကလပ်အသင်းနှစ်သင်းကြား သဘောတူညီမှုရရှိခဲ့သော်လည်း ကစားသမားနှင့် လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့သည့်အတွက် အနည်းငယ်ကြန့်ကြာနေသော်လည်း လက်ရှိတွင် အက်သလက်တီကိုအသင်းနှင့် အယ်ဗာရက်ဇ်တို့ကြား လုပ်ခလစာညှိနှိုင်းမှုအဆင်ပြေခဲ့သောကြောင့် အပြောင်းအရွှေ့အတွက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုအသင်းက အယ်ဗာရက်ဇ်၏ အပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ကို ချက်ချင်းပေးချေရမည်ဖြစ်ပြီး နောက်ထပ် ၂၅ သန်းကို အပိုဆုကြေးအဖြစ် ပေးချေရမည်ဖြစ်သည့်အတွက် စုစုပေါင်း ယူရို ၉၅ သန်း ပေးချေရမည်ဖြစ်သည်။

အယ်ဗာရက်ဇ်သည် မန်စီးတီးအသင်းတွင် ဘောလုံးရာသီတိုင်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ပွဲထွက်ကစားခွင့်ရရှိသော်လည်း ဟာလန်း၏နောက် ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသည့်အတွက် မန်စီးတီးအသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;The Guardian*



တာချီလိတ်၊ လူမှုရေး

# တာချီလိတ်မြို့နယ်အတွင်း ရေဘေးကူညီကယ်ဆယ်ပေးသော လူမှုကူညီရေးအသင်းအဖွဲ့များအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားရာတွင် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီကယ်ဆယ်ပေးကြသော လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဩဂုတ်လ ၆ ရက်တွင် ဝမ်ကောင်းရပ်ကွက်ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက တာချီလိတ်မြို့၌ ဇူလိုင်လ ၂၉ ရက်မှ စတင်၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မယ်ဆိုင်ချောင်းရေသည် စိုးရိမ်ရေမှတ်ကျော်လွန်ကာ ဗိုလ်ချုပ်လမ်းမကြီးနှင့် ရပ်ကွက်များအတွင်း ဩဂုတ်လ ၁ ရက်မှ ၄ ရက်အထိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရေနစ်မြုပ်သည့်ရပ်ကွက်များအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြသော မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ ပရဟိတ လူမှုကူညီရေး အသင်းအဖွဲ့များအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီသူနာပြု တပ်ဖွဲ့များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**ဇင်ယော်(တာချီလိတ်)၊ နေမင်း**






မိုင်းခတ်၊ လူမှုရေး

# မိုင်းခတ်မြို့နယ် ဝမ်ခုတ်ကျေးရွာ နမ့်လွေစာကြည့်တိုက်၌ မူလတန်းအဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၆ ရက်တွင် ဝမ်ခုတ်ကျေးရွာ နမ့်လွေစာကြည့်တိုက်၌ မူလတန်းအဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဝမ်ခုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး မိုင်းခတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

မိုင်းဖြတ်၊ လူမှုရေး

# စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို မူလွန်(ကွက်သစ်)ကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က စာအုပ်များအခမဲ့လာရောက်ငှားရမ်းပေးရခြင်း ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ခမ်းက မူလွန်(ကွက်သစ်)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား သုတ၊ ရသစာအုပ် ၁၀၀ ကို အခမဲ့ငှားရမ်းပေးသည်။

ယင်းသို့ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းသည် စာဖတ်ပရိသတ်များအနေဖြင့် ပြည်သူ့စာကြည့်တိုက်သို့ မလာနိုင်သော်လည်း စာပေများကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ရည်ရွယ်ပြီး ကွင်းဆက်ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**



ကျိုင်းတုံ၊ လူမှုရေး

# လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်လို့ ပိုမိုကောင်းမွန်တဲ့လူ့အဖွဲ့အစည်းဖန်တီးစို့ ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတက္ကသိုလ်၌ "လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်လို့ ပိုမိုကောင်းမွန်တဲ့လူ့အဖွဲ့အစည်းဖန်တီးစို့"ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ဩဂုတ်လ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ထိုသို့ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အကြို ဆောင်းပါးပြိုင်ပွဲတွင် ကျိုင်းတုံတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဉာဏ်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

မိုင်းဆတ်၊ လူမှုရေး

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၆ ရက်တွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးငွေးက လျှပ်စစ်သွယ်တန်းနည်းပညာဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်စေရန်၊ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်စေရန်နှင့် သင်တန်းမှပို့ချပေးသောသင်ခန်းစာများကို စိတ်ဝင်တစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိကာနကျေးရွာ၊ နောင်ဘိုကျေးရွာ၊ ဝိန်းဝိုင်ကျေးရွာနှင့် နားယန်း-၁ ကျေးရွာတို့မှ သင်တန်းသား ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက စာတွေ့လက်တွေ့ ဩဂုတ်လ ၆ ရက်မှ ၃၀ ရက်အထိ ၂၅ ရက်ကြာ အခမဲ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

ညအချိန်အိပ်နေချိန်တွင် အိမ်ပြင်ပ၌ထွန်းထားသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကိုချွေတာပါ။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
# (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း | - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "I M E PYI GYI TAGON DEVELOPMENT COMPANY LIMITED" အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေး တက်ရောက်ရန်အကြောင်းကြားစာ

"I M E PYI GYI TAGON DEVELOPMENT COMPANY LIMITED." ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သ(ဖ်)လိ(စ်)တာဝါ၊ (၁၀)လွှာ၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၂၀၄)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်၊ (၅)လမ်း၊ မြေကွက်အမှတ်(ဆ-၇၁)နေ ဒေါ်အုန်းမို (၉/မထလ(နိုင်)၀၁၃၃၇၃)ကိုင်ဆောင်သူမှ(အလျား ၂၅'-၀" x အနံ ၃၅'-၀")RC(၂)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
ချောက်မြို့၊ ဆူးတပ်အုပ်စု၊ ဆူးတပ်ရွာနေ ဇော်မျိုးနိုင်(ဘ)ဦးလှကျော် ၈/ခမန(နိုင်)၂၄၈၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 326585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၃၄၀၈၉၁၄**

### ပျောက်ဆုံးကြောင်း
ရခိုင်ပြည်နယ်၊ လောင်းချောင်းကျေးရွာ၊ ရသေ့တောင်မြို့နယ်နေ ဇင်မိုးနွယ်(ဘ)ဦးဇော်မြင့်နိုင် ၁၁/ရသတ(နိုင်)၁၁၉၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၈၄၃၉၃၃၅**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "IME FINANCE COMPANY LIMITED" အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေး တက်ရောက်ရန်အကြောင်းကြားစာ

"IME FINANCE COMPANY LIMITED"၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သ(ဖ်)လိ(စ်)တာဝါ၊ (၁၀)လွှာ၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၂၀၄)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

### ဖခင်အမည်မှန်
ဇလွန်မြို့နယ်၊ အထွတ်ကျေးရွာအုပ်စု အ.ထ.က ဂုံညှင်းတန်း Grade-11 မှ မောင်မင်းထက်ကျော်၏ဖခင်အမည်မှန်မှာ ဦးဇော်ဦး ၁၄/ဇလန(နိုင်)၁၃၀၅၄၃ ဖြစ်ပါကြောင်း။
**ဦးဇော်ဦး**

### ပျောက်ဆုံးကြောင်း
အေးသူစံ(ဘ)အောင်ထွန်းလှ ၁၂/သကတ(နိုင်)၂၁၄၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 038344)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း
ခင်မာထွန်း(ဘ)ဦးဝင်းအောင် ၁၂/ကမန(နိုင်)၀၉၉၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 638355)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
စောချစ်ကိုကို(ဘ)ဦးအေးဖေ ၁၀/သထန(နိုင်)၀၉၆၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 255346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ပုလဲ)၊ Grade-12 မှ မောင်ပိုင်းချစ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းမောင် ၁၂/ခရန(နိုင်)၀၈၆၇၄၅ ဖြစ်ပါကြောင်း။
**ဦးမင်းမောင်**

### အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-2 မှ (ဘ)ဦးရဲဝင်းအောင်၏သား မောင်မင်းခန့်ညား၏အမည်မှန်မှာ မောင်ခန့်ညားဖြစ်ပါကြောင်း။
**မောင်ခန့်ညား**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-6 မှ မောင်ခိုင်ခန့်လင်း၏ဖခင်အမည်မှန်မှာ ဦးကျော်သူ ၁၂/သခန(ပြု) ၀၀၁၅၃၂ ဖြစ်ပါကြောင်း။
**ဦးကျော်သူ**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ပုလဲ)၊ Grade-12 မှ မယမင်းသူ၏ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၁၂/သခန(နိုင်)၀၁၂၁၇၈ ဖြစ်ပါကြောင်း။
**ဦးသန်းဇော်**

### ပျောက်ဆုံးကြောင်း
မျိုးဇော်(ဘ)ဦးခင်စိန် ၁၂/စခန(နိုင်)၀၆၁၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 447032)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ခင်မာဝင်း(ဘ)ဦးသိန်းဖေ ၁၂/ဗဟန(နိုင်)၀၅၂၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(936427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
နေလင်း(ဘ)ဦးသာခ ၈/သရန(နိုင်)၀၈၈၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 322206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၂၆၀၂၉၅၃**

### ပျောက်ဆုံးကြောင်း
စန်းစန်းအေး(ဘ)ဦးငွေစိုး ၃/ကကရ(နိုင်)၁၉၁၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 166932)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ဇေယျာဝင်း(ဘ)ဦးကြည်ဝင်း ၁၂/ကမရ(နိုင်)၀၄၇၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-9 မှ မနှင်းဝတ်မှုန်ခင်၏ဖခင်အမည်မှန်မှာ ဦးနန်းဝင်း ၁၂/ခရန(နိုင်) ၁၀၇၃၉၉ ဖြစ်ပါကြောင်း။
**ဦးနန်းဝင်း**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ပုလဲ)၊ Grade-12 မှ မသိမ့်နဒီ၏ဖခင်အမည်မှန်မှာ ဦးကိုကိုလတ် ၁၂/သလန(နိုင်)၀၈၄၀၅၃ ဖြစ်ပါကြောင်း။
**ဦးကိုကိုလတ်**

### အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-2 မှ (ဘ)ဦးရန်လင်းနိုင်၏သမီး မအိမ့်ကြယ်စင်၏အမည်မှန်မှာ မဖြိုးကြယ်စင်မေ ဖြစ်ပါကြောင်း။
**မဖြိုးကြယ်စင်မေ**

### မွေးသက္ကရာဇ်အမှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-10 မှ မောင်ချစ်ရှိုင်းကို (ဘ)ဦးသန်းဝင်း၏မွေးသက္ကရာဇ်အမှန်မှာ ၂-၃-၂၀၀၉ ဖြစ်ပါကြောင်း။
**၂-၃-၂၀၀၉**

### ပျောက်ဆုံးကြောင်း
သူရအောင်(ဘ)ဦးအေးပို ၁၂/ကမန(နိုင်)၁၄၇၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 636224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဖြိုး(ဘ)ဦးကျော်စိုး ၅/စကန(နိုင်)၂၉၂၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 219601)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ပိုးအိစံ(ဘ)ဦးအောင်ဆန်း ၈/မတန(နိုင်)၀၅၉၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ထက်ထက်လွင်(ဘ)ဦးမြင့်သိန်း ၁၂/သလန(နိုင်)၁၇၂၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 242886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ညွန့်ဝင်း(ဘ)ဦးကျော်သန်း ၁၂/ဥကတ(နိုင်)၀၂၅၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 932821)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၄၆၉၄၀**

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက် ၊ဇနကလမ်းနေ အောင်သီဟထွန်း(ဘ)ဦးငွေလှိုင် ၃/ကမမ(နိုင်)၀၁၄၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 517705)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၂၆၈၇၆၀၆**

### ပျောက်ဆုံးကြောင်း
ခွန်စိုးထွန်းရင်(ဘ)ဦးခွန်ဘရင် ၁၂/ကမတ(နိုင်)၀၁၅၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၀၁၄၈၀၈၁**

### ပျောက်ဆုံးကြောင်း
လွင်ဦး(ဘ)ဦးကျော်ဇံ ၁၂/ဗဟန(နိုင်)၀၁၀၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အောင်ကိုဟိန်း(ဘ)ဦးကျင်ငွေး ၇/ရကန(နိုင်)၀၇၃၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 745079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ပုလဲ)၊ Grade-12 မှ မောင်မြင့်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၁၂/သခန(နိုင်)၀၇၅၃၃၂ ဖြစ်ပါကြောင်း။
**ဦးမြင့်ဆွေ**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-9 မှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဆွေ ၁၂/သခန(နိုင်) ၁၂၅၁၂၁ ဖြစ်ပါကြောင်း။
**ဦးအောင်မြင့်ဆွေ**

### ဖခင်အမည်မှန်
သုံးခွမြို့၊ အ.ထ.က(ကတုံးပေါ်အလယ်)၊ Grade-10 မှ မောင်အောင်သူခန့်၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၂/သခန(နိုင်) ၁၂၅၄၇၄ ဖြစ်ပါကြောင်း။
**ဦးဝင်းနိုင်**

### မွေးသက္ကရာဇ်အမှန်
သုံးခွမြို့၊ အ.ထ.က(ပုလဲ)၊ Grade-12 မှ မောင်ညီညီမင်းထက်ဇော်(ဘ)ဦးဇော်လွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၂-၂၀၀၇ ဖြစ်ပါကြောင်း။
**၃-၁၂-၂၀၀၇**

### ပျောက်ဆုံးကြောင်း
ကျော်ဝင်း(ဘ)ဦးအိုဒရာ(ခ)ဦးလှဝင်း ၁၂/ရကန(နိုင်)၀၉၃၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 591923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ကျော်စွာဦး(ဘ)ဦးအောင်ထွန်းလှ ၅/စကန(နိုင်)၂၇၀၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 674646)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
တင်အောင်မိုး(ဘ)ဦးကျောက်တင် ၉/မခန(နိုင်)၁၈၈၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
တင်မိုးဝင်း(ဘ)ဦးဝင်းဆောင် ၈/နမန(နိုင်)၁၃၃၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 000414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၀၀၁၃**

### ပျောက်ဆုံးကြောင်း
ခင်ဖြူဖြူ(ဘ)ဦးတင်မောင် ၁၂/ဥကတ(နိုင်)၀၂၄၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 932720)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၄၆၉၄၀**

### ပျောက်ဆုံးကြောင်း
ရဲထွန်းဦး(ဘ)ဦးတင်ထွေး ၁၂/အစန(နိုင်)၂၀၃၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(681354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၃၃၂၆၂၂၅**

**အလိမ္မာစာမှာရှိ**

ကလိန်အောင် ဩဂုတ် ၇

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အမှတ်(၃) ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရေတနာခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဩဂုတ်လ ၇ ရက်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းက အမှာစကား ပြောကြားပြီး အမှတ်(၁၀) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ထားဝယ်)မှ ရဲအုပ်မင်းခိုင်က လူကုန်ကူးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားချင်းဆိုင်ရာ ဂုဏ်သိက္ခာကိုထိခိုက်စေသည်ဟု သတ်မှတ်ကြကြောင်း၊ လူကုန်ကူးမှုအဓိပ္ပာယ်ကို အကြမ်းဖျင်းရှင်းလင်းခြင်း၊ လူကုန်ကူးခံရသော အလုပ်သမားများအား လုပ်အားခအနည်းငယ်သာပေး၍ အလုပ်ခိုင်းစေခြင်း စသည့်အကြောင်းအရာများ၊ လူကုန်ကူးခံရမှုဖြစ်ပေါ်လာပုံ အဆင့်ဆင့်အကြောင်းနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ပြောကြားသည်။ ထို့နောက် နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်သော်ဇင်ဟိန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ ထားဝယ်မြို့ အမှတ်(၁၀)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ထားဝယ်)မှ ရဲအုပ်မင်းခိုင်၊ ကလိန်အောင်မြို့ နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်သော်ဇင်ဟိန်း၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းနှင့် ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဩဂုတ် ၇

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၂၇ ဒသမ ၃၅၄၈)တန်၊ သစ်မာ (၉ ဒသမ ၃၂၅၆)တန်၊ အခြား (၇ ဒသမ ၅၀၂၀)တန်၊ စုစုပေါင်း (၄၄ ဒသမ ၁၈၂၄) တန်၊ ယာဉ်/ ယန္တရား (၄)စီး၊ တရားခံ (၉)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

○ **ကျောဖုံးမှအဆက်**

စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Gospower Lithium Battery အလုံး (၂၀) အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၅ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ် မန္တလေးရပ်ကွက် ဟသာၤအဝိုင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်း LEBELAGE Green Tea Solution Mask Pack ဘူး (၃၆၀)အပါအဝင် ကုန်ပစ္စည်း (၄) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဒိုက်ဦးမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည်ပုလင်း (၁၀၅၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၅ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် အေးမြကျေးရွာ၌ တရားမဝင် ရေနံစိမ်း(၁၀)ဂါလန်၊ ကေဘယ်မီးကြိုးခွေ(၁)ခွေနှင့် Shayan-110 မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၆ ရက်**တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့ ရှမ်းစုဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီးနှင့် Toyota Mark II မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၆၉၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၂၅၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၇ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၌ Kenbo မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၉၁၅၂၀၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဩဂုတ် ၇

# တာချီလိတ်နှင့် နမ့်စန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ ဝမ်ကဲ(၂) ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်နွံ့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် နမ့်စန်မြို့၊ ရပ်ကွက်(၄)၊ သုခိတာလမ်းရှိ စိုင်းအောင်ထွေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၄၀၀၊ ဘိန်းဖြူ သုည ဒသမ ၃၃၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)



အိုက်နွံ့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
RHINO CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား ...
DAGON
MALTA FRESH
Net Content 330 ml
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၁၁


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုများရှိရမည်ဖြစ် . . .

❖ ထိုသို့ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၃၇ /၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့်လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၆-၁၂-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် (၈-၈-၂၀၂၄) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ

ဆောင်းပါး

### ဘင်းမ်စတက်အဖွဲ့အတွင်းက မြန်မာနိုင်ငံ

မင်းခန့်

စာ - ၁၁ သို့

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းအသင်းအဖွဲ့များမှ သဘောထားများထုတ်ပြန်

စာ - ၅ သို့

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏

စာမျက်နှာ ၃၀ ကော်လံ ၁ ❍



ရွှာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

## စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ် ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၃ ပေခွဲခန့် (၁၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။

စာမျက်နှာ ၇ ကော်လံ ၄ ❑

